မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၉ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနား သမ္မတနိုင်ငံ သမ္မတ မဒမ် ခရစ္စတီးနား ဖာနန်ဒက်(ဇ်)ဒီကာချ်နာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို စစ်တွေမြို့ ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရေမရသေးသည့် ရပ်ကွက်များ ရေပေးဝေနိုင်ရေးဆောင်ရွက်ရန် မှာကြား

နေပြည်တော် မေ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် မေ ၂၂ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနေသည့် ကန်တော်ကြီးသို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တိုးချဲ့ရေကန်တူးဖော်နေမှုနှင့် ရေသိုလှောင်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုးချဲ့ရေကန်တူးဖော်နေမှု၊ ရေထုတ်ပြွန်မှရေလွှတ်ပေးမှုနှင့် ရေအရင်းအမြစ်ရှိရာ ဆတ်ရိုးကျချောင်းနှင့် ချောင်းဘေးရှိ ရေကန်များ တူးဖော်နေမှုတို့ကိုလည်းကောင်း၊ ရေတွန်းစက်ရုံအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)တို့ရှိရာ ရပ်ကွက်များနှင့်နေအိမ်များ၌ ရေမီတာတပ်ဆင်သုံးစွဲမှု၊ ရေတွင်းများမှ ရေခပ်ယူသုံးစွဲနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရခိုင်ပြည်နယ်အတွင်း ပြန်ကြားရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လျက်ရှိ

ပဉ္စဝတီ FM ရေဒီယိုအစီအစဉ်များ၊ သတင်းစာပုံနှိပ်စက်အသစ်နှင့် စာကြည့်တိုက်များ တိုးမြှင့်တပ်ဆင် ဖွင့်လှစ်ခဲ့

MRTV, MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပိုမိုလွှမ်းခြုံနိုင်တော့မည်

နေပြည်တော် မေ ၂၄

ယနေ့ခေတ်ကို သတင်းခေတ် (Information Age) ဟု ခေါ်ဆိုကြရာ လူသားများ၏ နေထိုင်မှုဘဝတွင် သတင်းနှင့်ကင်း၍မရဟု ပြောနိုင်သည်။ တစ်နည်းအားဖြင့် မီဒီယာခေတ် (Media Age)ဟုလည်း ပြောကြပြန်ရာ သတင်းလောကသားများကို မီဒီယာသမားများဟု သုံးနှုန်းခြင်းမှာ တွင်ကျယ်နေပြီဖြစ်သည်။

သတင်းနားထောင်

နံနက်မိုးလင်း၍ မျက်စိနှစ်လုံးဖွင့်သည်နှင့် အိပ်ရာဘေးတွင်ရှိသော ရေဒီယိုကိုဖွင့်၍ သတင်းနားထောင်သူများရှိသကဲ့သို့ ရုပ်မြင်သံကြားခလုတ်ဖွင့်၍ ရုပ်မြင်သံကြားဇာတ်လမ်းကြည့်သူလည်း ရှိနိုင်ပေသည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားကို စိတ်မဝင်စားသည်ပဲထားဦး သတင်းစာပို့သမား ပစ်သွင်းလိုက်သည့် နေ့စဉ်ထုတ် သတင်းစာလိပ်ကိုတော့ ဖြန့်ဖတ်ကြည့်မိမှာ သေချာပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ရခိုင်ပြည်နယ် သံတွဲမြို့ နန်းချောင်းကျေးရွာ ဒို့အလင်းကျေးရွာစာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေကြသူများကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မေ ၂၅ ရက်)

လူတိုင်း ရောဂါဘယကင်းဝေးရေး ကျန်းမာရေးဂရုပြု နိုင်ငံ့သားကောင်းရတနာများပေါ်ထွန်းရေး ပြုစုပျိုးထောင်

ကျန်းမာခြင်းသည် လူသားများအတွက် တန်ဖိုးအထားရဆုံး ရလဒ်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုသည် တန်ဖိုးမဖြတ်နိုင်သည့် ဂုဏ်ဒြပ်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုအတွက် ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေးကို ကျန်းမာရေးဝန်ကြီးဌာနက ရည်မှန်းချက်နှစ်ရပ် ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း ၁ ဒသမ ၅ဘီလီယံကျော် လူသားများသည် သွေးတိုးရောဂါကို ခံစားနေကြရသည်။ သွေးတိုးရောဂါကင်းဝေးရန် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာလိုအပ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဆိုသည်မှာ ခန္ဓာကိုယ်အတွက်လိုအပ်သည့် အင်အား၊ အသားဓာတ်နှင့် ဗီတာမင်သက်စောင့်ဓာတ်များ ပြည့်စုံမျှတစွာပါဝင်ပြီး ခန္ဓာကိုယ်ကို အန္တရာယ်ဖြစ်စေနိုင်သည့် အဆီနှင့်အငန် လွန်ကဲစွာမပါသော အစာများဖြစ်သည်။

ငန်လွန်းခြင်း၊ ချိုလွန်းခြင်း၊ ပြည့်ဝဆီအများအပြားပါသော အစားအစာများကြောင့် ဝလွန်းခြင်း၊ ကိုယ်အလေးချိန်များခြင်းတို့ ဖြစ်ပေါ်စေပြီး သွေးတိုးရောဂါကိုလည်း ဖြစ်စေသည်။ သွေးအတွင်း အဆီဓာတ်များခြင်း၊ သွေးထဲတွင် ပုံမှန်ထက် သကြားဓာတ်ပိုများနေခြင်းစသည်တို့ကို မလွဲမသွေဖြစ်စေနိုင်သည်။

အဝလွန်ရောဂါနှင့် ကိုယ်အလေးချိန်များ၍ ဗိုက်ရွှဲခြင်းသည် ကျန်းမာရေးကို အဓိကအန္တရာယ်ဖြစ်စေနိုင်ပြီး အဝလွန်သူတစ်ဦးသည် ပုံမှန်ကိုယ်အလေးချိန်ရှိသူထက် သွေးတိုးရောဂါကို နှစ်ဆမှ ခြောက်ဆအထိ ပိုမိုဖြစ်စေနိုင်သည်။

မှန်ကန်သော အစားအသောက်ကို ချင့်ချိန်ရွေးချယ်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းတို့မှာ အဝလွန်ခြင်းနှင့် ကိုယ်အလေးချိန်များခြင်းတို့အတွက် အကောင်းဆုံးသော ကာကွယ်ကုသနည်းလည်း ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေးအတွက် ကျန်းမာရေးကို အထူးဂရုပြုပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုမည်ဖြစ်ပြီး နိုင်ငံတော်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ပြည့်ဆည်းပေးနိုင်သော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မာတိကာမာတာဝတ္ထု** တရားတော် (ပထမပိုင်း) (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
- ၆:၅၅ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၁)
- ၈:၃၀ Make in a delicious Way (ငါးကြော်၊ ခရမ်းချဉ်သီးထောင်းနှင့် သိုးသားပေါင်းဟင်းလျာပြုလုပ်နည်း)
- ၈:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Taylor's University College Malaysia Opening Ceremony)
- ၉:၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၉:၁၀ မန္တလေးနှစ် (၁၅၀)ပြည့်ပွဲတော်
- ၉:၃၀ များလူဝေနေကုသိုလ်ယူ ပန်းတည်းတန်း၏ ရွှေစင်အလှူ
- ၉:၄၅ Activities in the City (Myanmar ICT Exhibition 2009)
- ၁၀:၀၀ ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ International Show Biz
- ၁၀:၅၅ ဖက်ရှင်လမ်းညွှန် (လွယ်ကူပြင်ဆင် ကျစ်ဆံမြီးဖက်ရှင်)
- ၁၁:၂၀ ကျန်းမာပျော်ရွှင်လှစေချင်
- ၁၁:၄၀ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၁၂:၀၀ ဖွံ့ဖြိုးတိုးတက်ဝေဆာနေ… တောင်ကုတ်အလှမြေ
- ၁၂:၂၀ အမျိုးသားရိုးရာတိုင်းရင်းဆေး နည်းပညာ
- ၁၂:၃၅ **စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁:၀၀ **မာတိကာမာတာဝတ္ထု** တရားတော် (ပထမပိုင်း) (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၁:၅၅ သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ များလူဝေနေကုသိုလ်ယူ ပန်းတည်းတန်း၏ ရွှေစင်အလှူ
- ၃:၀၀ ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ချိုမြမွှေးမွှေးပဲဆီနှင့်ကျန်းမာရေး)
- ၃:၃၀ ကျန်းမာပျော်ရွှင်လှစေချင်
- ၃:၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၄:၀၀ မြန်မာ့ကျော်ကြား ပန်းချီဆရာများ၏ အနုပညာလက်ရာပြပွဲ
- ၄:၃၅ အနုပညာမိုးကောင်းကင်
- ၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Taylor's University College Malaysia Opening Ceremony)
- ၅:၃၀ Sports World (Premier League ပွဲစဉ်- ၃၈)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ ဖက်ရှင်လမ်းညွှန် (လွယ်ကူပြင်ဆင် ကျစ်ဆံမြီးဖက်ရှင်)
- ၆:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၇:၀၀ International Show Biz
- ၇:၂၅ Worlds of Knowledge (Gerbil Plague)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
- ၈:၂၅ အနုပညာမိုးကောင်းကင်
- ၈:၅၀ မန္တလေးနှစ် (၁၅၀)ပြည့်ပွဲတော်
- ၉:၀၅ Sports World (Premier League ပွဲစဉ်- ၃၈)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၁)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ Activities in the City (Myanmar ICT Exhibition 2009)
- ၁၂:၁၅ အသက်ပေါင်းများစွာကယ်တင်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့ (ဒေါက်တာခင်မောင်လွင်)
- ၁၂:၄၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၂၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၁၁)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး စီမံကိန်းစာတမ်းသုံးခု လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

စီမံကိန်းစာတမ်းသုံးခု လက်မှတ်ရေးထိုးပွဲ အခမ်းအနား ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

အီတလီနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) က အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းစာတမ်းသုံးခု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Dr. Giuseppe CINTI က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai က ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အသုံးပြုရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက မြန်မာနိုင်ငံ၏ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိရန် ဆောင်ရွက်မှုအခြေအနေများနှင့် ထောက်ပံ့ကူညီမှုများအား အကျိုးအရှိဆုံး အသုံးပြုနိုင်ရေးအတွက် အမှာစကား ပြောကြားသည်။

ယင်းနောက် အီတလီနိုင်ငံသံအမတ်ကြီး H.E. Dr. Giuseppe CINTI ၊ FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတို့က Sustainable Small-Skill Fisheries and Aquaculture Livelihoods in Coastal Mangrove Ecosystems စာတမ်းကိုလည်းကောင်း၊ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Dr. Giuseppe CINTI၊ FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးတို့က Support to Special Rice Production စာတမ်းနှင့် Support to the Immediate Rehabilitation of Farming, Coastal Fisheries and Aquaculture Livelihoods in the Cyclone Nargis Affected Areas of Myanmar စီမံကိန်းစာတမ်း တို့ကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုး လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတ မြို့နယ် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် မြို့နယ် သမဝါယမ အသင်းစုဖွဲ့စည်းရေး အစည်း အဝေးကို မေ ၂၂ရက်က စရပ်ကွက်ရှိ သာသနာ့ရက္ခိတ ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသောင်းနိုင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သမဝါယမ)

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာ ဖွံ့ဖြိုးတိုးတက်မှုများကို မနာလို မရှုဆိတ်သည့် ပြည်တွင်းပြည်ပအဖျက်သမားများအား အမျိုးသားရေးသတိ၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကာကွယ်စောင့်ရှောက်

ရန်ကုန် မေ ၂၄

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါ ကောလိပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကား ပြောကြားရာ၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတွင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာ တတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရန် ရည်မှန်းချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် (ရန်ကုန်)ဒီဂရီကောလိပ်၏ အဋ္ဌမအကြိမ်မြောက် ကျောင်းဆင်းပွဲ ကျင်းပနိုင်သည့်အခြေအနေ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

ယနေ့ သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့၊ ဒီပလိုမာ ရရှိလာကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မိမိတို့ဇာတိ ရပ်ရွာဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း၊ ထူးချွန်စွာအောင်မြင်ကြ၍ အဆင့်မြင့်ဘွဲ့၊ ဒီဂရီများ ဆက်လက်လေ့လာ ဆည်းပူးကြရမည့် သင်တန်းသားများအနေဖြင့်လည်း သင်ယူလေ့လာမှု တာဝန်များ ပြီးဆုံးသည့်တစ်နေ့တွင် နယ်စပ်ဒေသများ၌ ပြန်လည်ပြီး တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကိုချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သန်းပေါင်း ၂၄၀၁၄၂ကျော် အကုန်အကျခံ ဆောင်ရွက် ပေးခဲ့ကြောင်း။

မိန့်ကြား

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ၂၀၀၇ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၀၇)တွင် အမှာစကား ပြောကြားရာ၌ **“နယ်စပ်ဒေသများနဲ့ အတွင်းပိုင်းဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ ကွာဟနေမှုများလျော့နည်းကျဆင်းအောင် တည်ဆောက်မှုလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့တယ်။ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးနဲ့ နယ်မြေအားလုံးအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ မှန်မြတ်တဲ့ ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်မှုရရှိလာပြီး တိုင်းရင်းသားလူမျိုးများ အချင်းချင်း စည်းလုံးညီညွတ်ရေးဟာလည်း အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာနေပြီ ဖြစ်တယ်”**ဟု ထည့်သွင်း မိန့်ကြားခဲ့ကြောင်း။

နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာချိန်တွင် ရရှိဖြစ်ထွန်းနေသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်စပ်ဒေသလူငယ်များအတွင်းမှ ဖြစ်ထွန်းလာစေရန်အတွက် ၂၀၀၀ပြည့်နှစ်ကစပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၈)တွင် ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ပအိုဝ်းတိုင်းရင်းသား မောင်ခိုင်ဇော်လင်း။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၈)တွင် သိပ္ပံဘာသာ ထူးချွန်ဆုရ ကယားပြည်နယ် ဒီမောဆိုမြို့မှ ရှမ်းတိုင်းရင်းသား မောင်စိုင်းပွန်း။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်း အမှတ်စဉ်(၈)တွင် အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့မှ ကရင်တိုင်းရင်းသား စောအောင်နေလင်း။

(သတင်းစဉ်)

မွေးထုတ်ပေးနိုင်

၂၀၀၈ ခုနှစ်အထိ ဒီဂရီကောလိပ်နှစ်ခုက မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၇၁၉ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ရရှိသူ ၂၇၉ ဦး ပေါင်း ၉၉၈ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ ကျောင်းဆင်းခဲ့သူများထဲမှ မဟာဝိဇ္ဇာဘွဲ့ ၂၀၊ မဟာသိပ္ပံဘွဲ့၃၇ဦး၊ M.E ဘွဲ့သုံးဦး၊ B.E ဘွဲ့ ၅၉ဦး၊ B.Tech ဘွဲ့ ၁၂၂ဦး ရရှိကြပြီး ဖြစ်ကြောင်း။

ဆက်လက်ပညာဆည်းပူးနေကြသည့် ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် ပါရဂူ ကျမ်းပြုလေးဦး၊ မဟာသုတေသနတစ်ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ၉၆ဦး၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံအရည်အချင်းစစ်၂၄ဦး၊ M.E ၁၆ဦး၊ B.E ၃၇ဦး၊ B.Tech ၆၀တို့ဖြစ်ကြောင်း။

ယခု၂၀၀၈-၂၀၀၉ပညာသင်နှစ်တွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)က ဝိဇ္ဇာဘွဲ့၁၂ဦး၊ သိပ္ပံဘွဲ့၇၁ဦး၊ အေဂျီတီအိုင် ဒီပလိုမာ၄၆ဦး ပေါင်း၁၂၉ဦးနှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)က ဝိဇ္ဇာဘွဲ့၁၅ဦး၊ သိပ္ပံဘွဲ့၄၉ဦး၊ အေဂျီတီအိုင် ဒီပလိုမာ၃၆ဦး ပေါင်း၁၀၀၊ ဒီဂရီကောလိပ်နှစ်ခုပေါင်း စုစုပေါင်းသင်တန်းဆင်း ၂၂၉ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

ယနေ့ အခြေအနေကို ကြည့်လျှင် တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက် မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနေရပြီလည်း ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများကို မနာလို မရှုဆိတ်သည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ပေါင်းစုံကိုလည်း အမျိုးသားရေးသတိနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် ကာကွယ်စောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

သင်တန်းသားများအနေဖြင့် သင်ကြားလေ့ကျင့်ပေးလိုက်သည့် စိတ်ပိုင်း-ရုပ်ပိုင်း ဆိုင်ရာ အရည်အသွေးများကို ခိုင်မြဲအောင်၊ ပိုပြီးထူးချွန်ထက်မြက်အောင် ကြိုးစားအားထုတ်ပြီး တာဝန်ထမ်းဆောင်ရမည့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးသို့ သွားရောက်၍ ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြပါ။ ပေါ်ထွန်းလာတော့မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်နှင့် နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ မိမိတို့တာဝန်ထမ်းဆောင်ရမည့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၈) မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ပအိုဝ်းတိုင်းရင်းသား မောင်ခိုင်ဇော်လင်း၊ သိပ္ပံဘာသာ ထူးချွန်ဆုရ ကယားပြည်နယ် ဒီမောဆိုမြို့မှ ရှမ်းတိုင်းရင်းသား မောင်စိုင်းပွန်းနှင့် အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့မှ ကရင်တိုင်းရင်းသား စောအောင်နေလင်းတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပြီး ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ(ရိုးရိုး) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံး ထူးချွန် ပထမဆု၊ ရန်ကုန်တိုင်းတွင် သုံးဆင့်လုံး၌ ပထမဆုရရှိသော ဒုတိယနှစ်၊ သိပ္ပံကျောင်းသား ချင်းတိုင်းရင်းသား မောင်ဝင်းထွဋ်၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန် ပထမဆုရရှိသော ပထမနှစ် မဟာသိပ္ပံကျောင်းသား ချင်းတိုင်းရင်းသား မောင်ကျော်ခင်လင်း၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန် ဒုတိယဆု၊ ရန်ကုန်တိုင်းတွင် သုံးဆင့်လုံး၌ ထူးချွန်ဒုတိယဆင့်၊ ဒုတိယဆုရရှိသော ပထမနှစ် မဟာသိပ္ပံကျောင်းသား ချင်းတိုင်းရင်းသား မောင်ထန်းကီး၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန်တတိယဆု၊ ရန်ကုန်တိုင်းတွင် သုံးဆင့်လုံး၌ ထူးချွန်ဒုတိယဆု ရရှိသော ပထမနှစ် မဟာသိပ္ပံကျောင်းသား ကယန်းတိုင်းရင်းသား မောင်ကျော်ဦးတို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အောင်မြင်သူများ

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၁၂ဦး၊ သိပ္ပံဘွဲ့ ၇၁ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၄၆ဦး စုစုပေါင်း ၁၂၉ဦးတို့ ဖြစ်သည်။

ယင်းတို့အနက်မှ ကချင်တိုင်းရင်းသား တစ်ဦး၊ ကယားတိုင်းရင်းသားကိုးဦး၊ ကယန်းတိုင်းရင်းသား ၁၃ဦး၊ ကရင်တိုင်းရင်းသား ၂၈ဦး၊ ချင်းတိုင်းရင်းသား ၁၁ဦး၊ ခူမီးတိုင်းရင်းသား တစ်ဦး၊ ခမီတိုင်းရင်းသား ခြောက်ဦး၊ ပလောင်တိုင်းရင်းသား နှစ်ဦး၊ ပအိုဝ်းတိုင်းရင်းသား ရှစ်ဦး၊ မွန်တိုင်းရင်းသား ၂၄ဦး၊ မြိုတိုင်းရင်းသား တစ်ဦး၊ ရခိုင်တိုင်းရင်းသား ၁၂ဦး၊ ရှမ်းတိုင်းရင်းသား ၁၀ဦး၊ သက်တိုင်းရင်းသား တစ်ဦး၊ အာခါတိုင်းရင်းသား နှစ်ဦး စုစုပေါင်း ၁၂၉ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၉ ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့တာအီယားနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဆင့်မြင့်နည်းပညာကုန်စည်ပြပွဲ၌ လေစွမ်းအင်ထုတ်လုပ်မှုပုံစံငယ်များ ပြသထားသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဦးဆောင်သည့် အိန္ဒိယအစိုးရအဖွဲ့သစ် ရာထူးစတင်လက်ခံ

နယူးဒေလီ မေ ၂၄

ဝန်ကြီးချုပ် မန်မိုဟန်ဆင်းဦးဆောင်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး ၁၉ဦးပါဝင်သည့် အိန္ဒိယအစိုးရအဖွဲ့သစ်သည် နယူးဒေလီမြို့လယ်ရှိ သမ္မတနန်းတော်၌ မေ ၂၂ ရက် မွန်းလွဲပိုင်းက ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၌ ပထမအကြိမ် ဝန်ကြီးချုပ်ရာထူးကို သက်တမ်းစေ့ ထမ်းဆောင်ပြီးနောက် ဒုတိယအကြိမ် ရာထူးလက်ခံဆောင်ရွက်ရာတွင် ကွယ်လွန်သူ ဝန်ကြီးချုပ် ဂျဝါဟလာနေရူးပြီးလျှင် မန်မိုဟန်ဆင်းသည် ဒုတိယမြောက် ဝန်ကြီးချုပ်ဖြစ်သည်။

စတင်ထမ်းဆောင်

နိုင်ငံခြားရေးရာ ဝန်ကြီးဟောင်း ပရာနတ်မူကာဂျီမှာ ယခုအခါ ဘဏ္ဍာရေးဝန်ကြီးရာထူးကို စတင်ထမ်းဆောင်ရမည်ဟု မျှော်လင့်ရကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း စစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၃၄ ဦးသေဆုံး၊ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ကဘူးလ် မေ ၂၄

အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်စဉ် စစ်သွေးကြွ ၃၄ ဦးသေဆုံးပြီး မူးယစ်ဆေးဝါးအများအပြားကို သိမ်းဆည်းလိုက်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

သိမ်းဆည်း

မေ ၂၀ရက်ကစတင်သော စစ်ဆင်ရေးအတွင်းတွင် ဘိန်းဖြူနှင့် မော်ဖိန်းအပါအဝင် မူးယစ်ဆေးဝါး၁၅တန်ခန့်သိမ်းဆည်းမိလိုက်သည်။ ထို့ပြင် ဘိန်းစေ့များနှင့် ဘိန်းချက်ပစ္စည်းများကိုလည်း သိမ်းဆည်းမိသည်ဟုဆိုသည်။

ကူညီတိုက်ခိုက်

စစ်ဆင်ရေးတွင် လေကြောင်းမှ ကူညီတိုက်ခိုက်သည့်အတွက်လည်း ပိုမိုထိရောက်ခြင်းဖြစ်သည်။

စစ်ဆင်ရေး

၂၀၀၈ခုနှစ် ဇူလိုင်လတွင် ကန်ဒါဟာပြည်နယ်အတွင်း စစ်ဆင်ရေးတွင်အလားတူ မူးယစ်ဆေးဝါး အများအပြားသိမ်းဆည်းခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှားမှ ဥရောပသို့ သဘာဝဓာတ်ငွေ့ပေးရေး ဩစတြီးယားနှင့် ဆလိုဗေးနီးယားပါဝင်မည်

ခါဘာရော့ မေ ၂၄

ဥရောပတိုက်သို့ ဓာတ်ငွေ့များ ပေးပို့ဖြန့်ဖြူးရန် ရုရှားနိုင်ငံ၏ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးအစီအစဉ်တွင် ဩစတြီးယားနှင့် ဆလိုဗေးနီးယားနိုင်ငံတို့ ပါဝင်ကြမည်ဖြစ်ကြောင်း ရုရှားစွမ်းအင်ဝန်ကြီး ဆာဂီရှမာကိုက မေ ၂၂ ရက်၌ ပြောကြားသည်။

ပြောကြား

ခါဘာရော့မြို့၌ ဥရောပသမဂ္ဂ (အီးယူ)နှင့် ရုရှားထိပ်သီးအစည်းအဝေးအပြီးတွင် ရုရှားစွမ်းအင်ဝန်ကြီးက အထက်ပါအတိုင်း သတင်းထောက်များအား ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ပင်ဂွင်ငှက်လွှတ်ပွဲ

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ ကမ်းခြေဒေသ၌ ပင်ဂွင်ငှက်လွှတ်ပွဲ ကျင်းပနေသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A(H1N1) ရောဂါမပြန့်ပွားစေရေး နယူးယောက်မြို့၌ ကျောင်း၄၀ ယာယီပိတ်ထား

နယူးယောက် မေ ၂၄

နယူးယောက်မြို့ရှိ စာသင်ကျောင်း အသိုက်အဝန်းတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု လျှော့ချရန် ကြိုးပမ်းသည့်အနေဖြင့် စာသင်ကျောင်း ၄၀ ကို ယာယီပိတ်ထားကြောင်း ယင်းမြို့၏ ကျန်းမာရေးဌာနက မေ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွေးနွေး

နယူးယောက်မြို့တွင် A(H1N1) တုပ်ကွေးဖြစ်ပွားမှုအား တုံ့ပြန်သည့်အနေဖြင့် ကျောင်းများပိတ်ရသည့် အကြောင်းရင်းကို ကျန်းမာရေးမဟာမင်းကြီး သောမတ်စ်ဖရီဒင်က စာသင်ကျောင်းမှ အဓိပတိ ဂျိုအယ်လ်ကလိန်းနှင့် မေ ၂၂ရက်က ဆွေးနွေးကြသည်။

တုပ်ကွေးရောဂါသည် နယူးယောက်မြို့၏နေရာများစွာတွင် ဖြစ်ပွားနေကြောင်း သာဓကများရှိနေသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ရည်ရွယ်ချက်

စာသင်ကျောင်းများပိတ်ရသည့် အဓိကရည်ရွယ်ချက်မှာ စာသင်ကျောင်းများ အသိုက်အဝန်းကို တုပ်ကွေးရောဂါအန္တရာယ်မှကာကွယ်ရန်ဖြစ်သည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကဘူးလ်မြို့၌ သူပုန်များနှင့်ရင်ဆိုင်တိုက်ခိုက်စဉ် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း မေ ၂၃ရက်က ဒေသဆိုင်ရာမီဒီယာက ထုတ်ပြန်ကြေညာသည်။

တိုက်ခိုက်ပစ်ခတ်မှု

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ မေ ၂၂ရက်ကဖြစ်ပွားခဲ့သော ယင်းတိုက်ပွဲတွင် သူပုန်တို့၏ တိုက်ခိုက်ပစ်ခတ်မှုခံရပြီးနောက် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အသံထက်လွန်စွာမြန်သည့်လေယာဉ် ဩစတြေးလျတွင် စမ်းသပ်ပျံသန်း

ကင်ဘာရာ မေ ၂၄

ဩစတြေးလျနိုင်ငံတောင်ပိုင်းတွင် အသံထက်လွန်စွာမြန်သောနှုန်းဖြင့် လေယာဉ်စမ်းသပ်ပျံသန်းမှုတစ်ရပ်ကို သိပ္ပံပညာရှင်များက အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ဟုဆိုသည်။

စမ်းသပ်လေယာဉ်သည် အသံထက် ငါးဆ ပိုမြန်အောင် မောင်းနှင်နိုင်သဖြင့် တိုက်ချင်းဖြတ်ပျံသည့် လေယာဉ်များ အချိန်တိုအတွင်း ရောက်ရှိစေနိုင်သည့် အနာဂတ်မျိုးဆက်သစ် လေယာဉ်ဖြစ်သည်ဟု ဆိုသည်။

စမ်းသပ်

ဩစတြေးလျနိုင်ငံ တောင်ပိုင်း ဝူမေရာ၌ အဆိုပါစမ်းသပ်ပျံသန်းမှုမျိုး ၁၀ ကြိမ်ပြုလုပ်ရန် စီစဉ်ထားပြီး ဤအကြိမ်သည် ပထမအကြိမ် စမ်းသပ်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၀ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှဝါမြို့ ခိုက်ဘာဈေး၌ မေ ၂၂ရက် မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၀ဦး သေဆုံးကြောင်း ရုပ်မြင်သံကြားသတင်းများအရ သိရသည်။

ဖြစ်ပွား

ပက်ရှဝါမြို့ ရုပ်ရှင်ရုံ အနီးတွင်ရှိသော ခိုက်ဘာဈေး၌ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ ဒဏ်ရာရသူ ၇၀ခန့် ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့ရှိ ခိုက်ဘာဈေး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုဂါဒစ်ရှူး၌ တိုက်ခိုက်မှုဖြစ်ပွား သောင်းကျန်းသူ ၄၅ဦးသေဆုံး

မိုဂါဒစ်ရှူး မေ ၂၄

ဆိုမာလီနိုင်ငံတွင် အစိုးရတပ်ဖွဲ့ဝင်များက မိုဂါဒစ်ရှူးမြို့တော်ရှိ သောင်းကျန်းသူများ၏ ခြေကုပ်စခန်းများကို မေ ၂၂ရက်က စတင်တိုက်ခိုက်ခဲ့ရာ မြို့တော်တစ်ဝန်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် သောင်းကျန်းသူ ၄၅ဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ခိုလှုံ

ဆိုမာလီယာနိုင်ငံသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများနှင့်ဆက်နွှယ်သည့် စစ်သွေးကြွများ ခိုလှုံသည့်နေရာဖြစ်လာမည်ကို အိမ်နီးချင်းနိုင်ငံများနှင့် အနောက်အုပ်စုက စိုးရိမ်မကင်းဖြစ်နေကြသည်။

ဒဏ်ရာရ

ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ အပါအဝင် ၁၈၂ဦး ဒဏ်ရာရရှိခဲ့သည်ဟု အယ်လ်မန်ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ယာဆင်ဂျီဒီက ပြောကြားသည်။

ပြောကြား

သောင်းကျန်းသူများက အစိုးရတပ်ဖွဲ့ဝင်များ၏ ထိုးစစ်ကိုကြံ့ကြံ့ခံနိုင်ရန်အတွက် အပူတပြင်း အင်အားဖြည့်ထားလျက်ရှိရာ ဒေသခံများမှာတိုက်ပွဲများနှင့် ဆက်လက်ကြုံတွေ့နိုင်သည်ဟု ၎င်းက ပြောကြားသည်။ ညဉ့်နက်သန်းခေါင်အချိန်တွင် မိုဂါဒစ်ရှူးမြို့တွင် တိုက်ခိုက်မှုများ နေရာအနှံ့ ဖြစ်ပွားနေကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Larry M. Dinger နှင့်အဖွဲ့သည် မေ ၂၁ရက် ည ၇နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ရဲမှူးချုပ်ဇော်ဝင်းနှင့် ရုံးအဖွဲ့မှူးဦးနေမျိုးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နှုတ်ခွန်းဆက်စကားပြောကြား

လေနှင့်နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်၍ ကျေးလက်ဒေသ ရေရရှိရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Michael Sternberg က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူ ညီအစ်ကိုမောင်နှမများ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ နှစ်ပတ်လည်နေ့တွင်မသန်စွမ်းသူညီအစ်ကိုမောင်နှမများ တွေ့ဆုံပွဲအခမ်းအနားကို မေ၈ရက်က ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ**(ယာပုံ)** နာယက လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး စိုးကြည်(ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက တစ်နှစ်တာဆောင်ရွက်မှုကို ရှင်းလင်းတင်ပြ၍ နာယက ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုစကား

ထို့နောက်နာယက ဒေါက်တာမိုးအောင်က ဂုဏ်ပြုစကားပြောကြားပြီး ထောက်ပံ့မှုရရှိသောသူများကိုယ်စား ကိုကျော်စိုးဝင်း၏ဖခင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်များ၊ တေးသံရှင်များ၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မေရီချက်(ပ်)မင်းနားမကြားကျောင်း၊ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယအဖွဲ့ မျက်မမြင်ကျောင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူ အနုပညာရှင်များက ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသ ရေရရှိရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၂၄

ဒိန်းမတ်နိုင်ငံမှ Grundfos. Co. နှင့် မြန်မာနိုင်ငံမှ M.Y Associate Co., Ltd. တို့ ပူးပေါင်းကျင်းပသော လေနှင့် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်၍ ကျေးလက်ဒေသ ရေရရှိရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို မေ ၁၉ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Michael Sternbergက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

မိတ်ဆက်ရှင်းလင်း

ဆက်လက်၍ Grundfos Co. ဒေသဆိုင်ရာညွှန်ကြားရေးမှူး(စင်ကာပူ)မှ Mr.Poul Due Jensen က Grundfos Co. နှင့် ကုမ္ပဏီမှထုတ်လုပ်သော ရေတင်ပန့်များကို မိတ်ဆက်ရှင်းလင်းသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် Grundfos Co. စီးပွားရေးဖွံ့ဖြိုးမှု မန်နေဂျာ(ထိုင်း)မှ Mr. Jens Ove Frederiksenကပြန်ပြည့်မြဲစွမ်းအင်ဖြစ်သော လေနှင့်နေရောင်ခြည်တို့မှ စွမ်းအင်ထုတ်ယူ၍ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်နိုင်ပုံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြီး လေရဟတ်နှင့်ဆိုလာပြားများကို အသုံးပြု၍ လေနှင့်နေရောင်ခြည်စွမ်းအင် တိုက်ရိုက်ထုတ်ယူကာ မြေအောက်ရေစုပ်တင်ပုံများကို လက်တွေ့သရုပ်ပြသည်။

အထူးသင့်တော်

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး မြန်မာနိုင်ငံအနေဖြင့် သဘာဝရာသီဥတုအနေအထားအရ ပြန်ပြည့်မြဲစွမ်းအင်များကိုလုံလုံလောက်လောက် ထုတ်ယူသုံးစွဲနိုင်သော အခြေအနေတွင်ရှိရာ လေနှင့်နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်မီး အလွယ်တကူ မရရှိနိုင်သော ဒေသများရှိ ဆေးရုံများ၊ ကျောင်းများ၊ လူနေအိမ်များ၊ အလုပ်ရုံများအတွက် အထူးသင့်တော်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါ လုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက M.Y Associate Co.,Ltd.က အမှတ်(၂၁၆) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၉၂၅၀၂နှင့် ၃၉၂၅၀၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်မြို့ မဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်

ရွှေကျင် မေ ၂၄

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် လျှောက်လမ်းကို ဂဝံဖြင့် ပြင်ဆင်နေမှုအား မေ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ကွင်းဆင်းစစ်ဆေးကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မျိုးဆက်သစ် အခြေခံဂေါက်သီးရိုက် သင်တန်းဆင်း

ရန်ကုန် မေ ၂၄

အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်(ဖ်)အင်ကန်းထရီးကလပ်တို့ ဖွင့်လှစ်သော မျိုးဆက်သစ် အခြေခံဂေါက်သီးရိုက်သင်တန်း(၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၂ရက် နံနက် ၁၀နာရီက ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်(ဖ်)အင်ကန်းထရီးကလပ် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ရှေးဦးစွာ ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်(ဖ်)အင်ကန်းထရီးကလပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ **(အောက်ပုံ)**နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်ကြည်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် နည်းပြချုပ် ဦးကိုကိုလေးက သင်တန်းသားသင်တန်းသူများ၊ ပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်းသား အထူးဆုရရှိသည့် မောင်မင်းခန့်ဘုန်းအားလည်းကောင်း၊ အတွင်းရေးမှူး ဦးအောင်ကြည်က သင်တန်းသူအထူးဆုရရှိသည့် မအေးငြိမ်းမြတ်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး နည်းပြချုပ် ဦးချမ်းဟန်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့သင်တန်းသား သင်တန်းသူ ၄၀တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ရက်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လောင်စာ တွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

စာကြည့်တိုက် ဆင့်ပွားသင်တန်း သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာတွင်ဖွင့်

ရန်ကုန် မေ ၂၄

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို မေ ၂၁ရက် နံနက် ၉နာရီက သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဝေထွန်းက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ သန်လျင်မြို့နယ်အတွင်းရှိ သူဌေးကွင်း၊ ကရင်ဆိပ်၊ ရုံးသပြေကန်၊ ဘော့သပြေကန်၊ စစ်ပင်ကွင်းနှင့် ဘယက်ကျေးရွာ အုပ်စုများအတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျန်းမာရေးကော်မတီမှ ကြီးမှူး၍ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး အမှာစကားပြောကြားစဉ်။ (၁၈၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ ရေပေးဝေနေသည့် ကန်တော်ကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ပြည်နယ်လျှပ်စစ်မှ တာဝန်ရှိသူများနှင့် မြို့မီးလင်းရေးကော်မတီဝင်များအား တွေ့ဆုံ၍ စပါးခွံလောင်စာသုံး မီးစက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲသွားရန် မှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် သာသနာ့ဗိမာန် တည်ဆောက်မည့်မြေနေရာသို့ ရောက်ရှိစစ်ဆေးရာ ပြည်နယ် မြေစာရင်းဦးစီးမှူးက လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ရေတိုးချဲ့ပေးမည့် အောင်ဒိုင်ကန်သို့ ရောက်ရှိကြပြီး ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ရေသိုလှောင်ထိန်းသိမ်းနိုင်မှုအခြေအနေနှင့် ကန်တော်ကြီးသို့ ရေသွယ်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက ရေမရရှိသေးသည့် မြို့ပေါ်ရပ်ကွက်များကိုပါ ရေပေးဝေနိုင်ရေးနှင့် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်သွားရေး မှာကြားသည်။

ထောက်ပံ့ပေးအပ်

ဗိုလ်ချုပ်ကိုကိုသည် မေ ၂၃ရက် နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ခန်းမ၌ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်း ခွဲစိတ်ကုသ

ရန်ကုန် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ဒေသခံ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော အခမဲ့ ကွင်းဆင်း မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ဘားအံ ပြည်သူ့ဆေးရုံကြီး၌ မေ ၁၉ ရက်မှ ၂၂ရက်အထိ ပြုလုပ်ခဲ့သည်။

လိုက်ပါ

အဆိုပါ ခရီးစဉ်တွင် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင်ဝင်း၊ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် မျက်စိအထူးကုဆရာဝန် ဒေါက်တာ

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများက ဘားအံပြည်သူ့ဆေးရုံကြီး၌ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား ပါဝါမျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

နီလာသိန်းတို့ ဦးဆောင်သော မျက်စိ အထူးကုဆရာဝန် ၁၇ဦး၊ သူနာပြုဆရာမ ၁၂ဦး၊ မျက်မှန်ကျွမ်းကျင်ပညာရှင် နှစ်ဦး၊ ALCON ကုမ္ပဏီမှ အင်ဂျင်နီယာနှစ်ဦးတို့ လိုက်ပါခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ယင်းမျက်စိအထူးကုအဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်၊ ဖာပွန်၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြိုင်ကြီးငူ၊ သာမညသဃ်န်းညီနောင်၊ ကျုံဒိုး၊ ကျိုက်ကော်၊ မြိုင်ကလေး စသည့် မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်ပေါင်း ၅၂၅၂ဦးအား အခမဲ့စမ်းသပ် ကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ ၆၀၂ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြသည်။ မျက်မှန်ပါဝါ လိုအပ်သူ ၂၀၇၁ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ကြပြီး အဝေးမှုန်၊ အနီးမှုန် ပါဝါလိုအပ်သူ ၁၇၀၀အား ပါဝါမျက်မှန်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဂုဏ်ပြုလက်ဆောင်

အဆိုပါခရီးစဉ်၏ အောင်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ရက် ညနေပိုင်းတွင် ဘားအံမြို့ ကန်သာဦးခန်းမဆောင်၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အခမဲ့မျက်စိကုသမှုအဖွဲ့တွင် လိုက်ပါခဲ့ကြသော ပါမောက္ခ ဒေါက်တာဦးတင်ဝင်း၊ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာသီတာမြင့်၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာနှင်းယုချစ်ဆိုင်၊ ဒေါက်တာမေကိုကိုသက်၊ ဒေါက်တာဇေဇီကျော်၊ ဒေါက်တာဝေနွယ်ဝင်း၊ ဒေါက်တာယုယုသိန်း၊ ဒေါက်တာရွှေဝါအေး၊ ဒေါက်တာအောင်ကိုကိုထက်၊ ဒေါက်တာဆောင်းမို့မို့ဝင်းနှင့် ဒေါ်မြင့်မြင့်ထူး ဦးဆောင်သော သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင်ပညာရှင် ဒေါ်ချိုချိုစမ်း၊ ဦးစုအေး၊ ALCON ကုမ္ပဏီမှ ဦးတင်ထွန်းဝင်း၊ ဦးသန်းထိုက်တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် ပါမောက္ခ ဒေါက်တာဦးတင်ဝင်းတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး ကရင်တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ညှော့ခံဖျော်ဖြေခဲ့ကြကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ အထူးကုအဖွဲ့အား ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ဘားအံတပ်နယ်မှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးဌေးနောင်၊ ဘားအံ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးလှထွန်း၊ ဘားအံမြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဥမ္မာပါမောက်၊ ဒေါက်တာဝင်းမာထွန်းနှင့် ဆေးရုံဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အဘက်ဘက်မှ လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြသည်။

ယခုခရီးစဉ်အတွက် လိုအပ်သော ကုန်ကျစရိတ်အဝဝကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်၊ မေတ္တာရှင်၊ အလှူရှင်များက ပူးပေါင်းပါဝင် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ပျဉ်းမနားဘူတာတွင် ရပ်ထားသော အမြန်ရထားတွဲဆိုင်းပေါ်၌ တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုဖြင့် ချိန်ကိုက်မိုင်းတစ်လုံး ရှာဖွေတွေ့ရှိ FDB (Forum for Democratic in Burma- မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု)အဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် အခြားဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းများရရှိထား

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၃နာရီ မိနစ် ၅၀ခန့်တွင် နေပြည်တော်ပျဉ်းမနား ဘူတာစကြံ (၁)၌ ရပ်ထားသော နေပြည်တော်-ရန်ကုန် အမှတ်(၃၂) အစုန်ရထား အထက်တန်းတွဲ တွဲအမှတ်(၅) အိမ်သာခေါင်မိုးပေါ်၌ အစိမ်းရောင်တိပ်ဖြင့် ပတ်ထားသည့် နှစ်လက်မခွဲပတ်လည်အရွယ်ရှိ မိုင်းတစ်လုံးကပ်ထားသည်ကို တာဝန်သိပြည်သူတစ်ဦးက တွေ့ရှိခဲ့သဖြင့် ဘူတာလုံခြုံရေးတာဝန်ကျသူများထံ သတင်းပို့ခဲ့ကြောင်း၊ နံနက် ၇နာရီ ၁၅မိနစ်တွင် တာဝန်ရှိသူများက မိုင်းရှင်းလင်းရေးဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါမိုင်းမှာ ချိန်ကိုက်မိုင်းဖြစ်ပြီး မိုင်းတွင် ဒီတိုနေတာနှစ်ခု၊ TNT ယမ်းအမျိုးအစားအလယ်တွင် အပေါက်ပါသော ယမ်းတုံးတစ်တုံး၊ ၁ဒသမ ၅ဗို့အားရှိ နေရှင်နယ်ဓာတ်ခဲနှစ်လုံး၊ ဓာတ်ခဲအိမ်တစ်ခု၊ စားပွဲတင်နာရီတစ်လုံးတို့ပါရှိကြောင်း သိရှိရသည်။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်၊ သေကျေပျက်စီးစေရန်အတွက် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် နည်းလမ်းမျိုးစုံဖြင့် ကြံစည်ကြိုးပမ်းလျက်ရှိကြောင်း သတင်းများ ရရှိထားသည်။

စီစဉ်ဆောင်ရွက်

အလားတူ နိုင်ငံတော်က အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် ABSDF အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့သည် ပြည်သူ့တိုက်ပွဲမြှင့်တင်ရေးကော်မတီCommittee for Promoting People Activities (CPPA)ဟူသည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန်ဈေးတစ်ဝိုက်နှင့် အခြားလူစည်ကားရာ နေရာများတွင် နိုင်ငံတော်အစိုးရဆန့်ကျင်ရေး ပိုစတာများကပ်ခြင်း၊ အဆိုပါပိုစတာများကို လာရောက်ခွာယူပါက ပေါက်ကွဲစေရန် ရည်ရွယ်သော ထောင်ချောက်မိုင်းကပ်ခြင်း စသည်ဖြင့် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးသမား နှစ်ဦးအားလည်း ပြည်တွင်းသို့စေလွှတ်ထားကြောင်း သတင်းများ ရရှိထားသည်။

ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အပြင် အခြားသော အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး အဖွဲ့များကလည်း လူစုလူဝေးဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်း၊ ထိုသို့ လူစုလူဝေးဖြစ်ပေါ်လာပါက ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို လူစုအတွင်း လုပ်ဆောင်ခြင်းများ ဖန်တီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သတင်းများ ရရှိထားသည်။



ရှာဖွေတွေ့ရှိရသည့် ချိန်ကိုက်မိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)



ချိန်ကိုက်မိုင်းအား ရှင်းလင်းပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

ကြိုးကိုင်စီစဉ်

ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများကို ကြိုးကိုင်စီစဉ်သည့် ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် FDB အဖွဲ့၏ အဖွဲ့ဝင် အဖွဲ့တစ်ခုလည်းဖြစ်သည်။ FDB အဖွဲ့သည် နိုင်ငံအတွင်းရှိ အစိုးရအား ဆန့်ကျင်သော အဖွဲ့အစည်းဝင်အချို့အား စည်းရုံး၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ၊ နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေး သင်တန်းများပေးလျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ပြည်တွင်းသို့စေလွှတ်ထားသည့် အကြမ်းဖက် ဖောက်ခွဲရေးသမားနှစ်ဦးအား ပြည်သူလူထုအကူအညီဖြင့် သက်ဆိုင်ရာက ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုဖော်ထုတ်

သို့ဖြစ်ရာ အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၄-၅-၂၀၀၉)

ရန်ကုန်	၂ဒသမ ၅၂ လက်မ	ဖျာပုံ	၁ဒသမ ၉၂ လက်မ
ဗန်းမော်	၁ဒသမ ၇၇ လက်မ	မိုးကုတ်	၁ဒသမ ၆၅ လက်မ
နောင်ချို	၁ဒသမ ၄၂ လက်မ	ဟုမ္မလင်း	၀ဒသမ ၉၉ လက်မ

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မချမ်းဘော၌ စာအုပ်စာစောင် တိုးပွားရေး ဆွေးနွေး

မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးခန်းမဆောင်၌ ဧပြီ ၂၄ရက် နံနက် ၁၀နာရီက ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်စံ(၅)ချက်ရှိရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာအုပ်ငှားရမ်း ဖတ်ရှုသူများပြားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မြို့နယ်ဦးစီးမှူး ဦးယုံခမင်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီး၌ သွားစိုက်ထိုင်ခုံ ပေးအပ်လှူဒါန်း

တောင်ကြီးမြို့မှ အလှူရှင် ဦးမော်-ဒေါ်သန်းအေးမိသားစုက ဆားလင်းကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားစိုက်ထိုင်ခုံ ပေးအပ်လှူဒါန်းပွဲကို မေ၃ရက် နံနက်၇နာရီက ဆားလင်းကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံကုသဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် တောင်ကြီးမြို့မှ ဦးမော်က သွားစိုက်ထိုင်ခုံ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

နောင်ချို၌ မဂ္ဂဇင်းစာအုပ်များ လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မှုခင်းရှုထောင့် မဂ္ဂဇင်းအုပ်ရေ ၅၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၆ရက်က အဆိုပါရုံးတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြိုင်က မှုခင်းရှုထောင့်မဂ္ဂဇင်းအုပ်ရေ ၅၀ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးထံ ပေးအပ်သည်။ (၀၅၂)

ဝက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မြင်းမူ၌ပညာပေး

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် စည်ပင်သာယာရေး ဦးစီးဌာနတို့ ကြီးမှူးကျင်းပသည့် ဝက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၅ရက် မွန်းလွဲ ၁နာရီက မြို့နယ် စည်ပင်သာယာရေး ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးသန်းဇော်က ကမ္ဘာ့နိုင်ငံအချို့တွင်ဖြစ်ပေါ်နေသော ဝက်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့၌ သန့်ရှင်းရေးဆောင်ရွက်

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီး ကျန်းမာရေးနှင့်အညီသန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးကို မေ ၁၉ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး ဒေါ်အေးအေးသိန်း ဦးဆောင်၍ စည်ပင်သာယာဈေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ နှင့် ဈေးသူဈေးသားများက ဆိုင်တွင်းဆိုင်ပြင်၊ဈေးအတွင်းအပြင်တို့ကို သန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်း ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၉၅)

ဟုမ္မလင်း၌ အကာသင်တန်းဆရာမများအား ဂုဏ်ပြု

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အကာသင်တန်းမှ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စည်းရုံးရေးခန်းမဆောင်၌ မေ ၁၅ရက် ညနေ ၄နာရီက ကျင်းပရာ မြို့နယ် ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညွန့်ဇော် တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက နည်းပြဆရာမ နှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

တမူးမြို့၌ ပန်းအလှပင်များစိုက်ပျိုး

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျောက်တိုင်ပန်းခြံနှင့် လွတ်လပ်ရေး ပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးပြီး ပုံဖော်ပြုပြင်ခြင်းနှင့် ဥယျာဉ်အတွင်း ပန်းပွင့်များဖြင့် တင့်တယ်လှပရေးအတွက် မေ ၇ရက်က ခရာဝါ၊ပန်းအိ၊ နှယ်သာကီပင်များ စိုက်ပျိုးခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်မျိုးနိုင်ဦးစီး၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ်စည်ပင်)

ချောင်းဦး၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ရုပ်မြင်သံကြားခန်းမ၌ မေ ၅ရက် နံနက် ၁၁နာရီက ရုံးဝန်ထမ်းများ၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်း စာအုပ်ပါ အချက်အလက်များကို စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲ ကျင်းပသည်။ (မြို့နယ် ပြန်/ ဆက်)

ဝေါမြို့နယ်၌ ကျေးလက်လမ်းဖောက်

ဝေါမြို့နှင့်ဆက်သွယ်သော စိုင်တီစုကျေးရွာ ကျေးလက်မြေသားလမ်း နှစ်မိုင်အား ကျေးရွာပြည်သူများ၏ အစီအစဉ်ဖြင့် ဖောက်လုပ်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကနီ၌ အကြိုမီးသတ် သင်တန်းဆင်း

စစ်ကိုင်းတိုင်း ကနီမြို့နယ်မိုးကောင်းကျေးရွာတွင် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၄/၂၀၀၉) ဆင်းပွဲကို မေ ၄ရက် ညနေ ၄နာရီက မိုးကောင်းအထက်တန်းကျောင်းခွဲ ဝင်းအတွင်း၌ကျင်းပရာ သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသား သုံးဦးအား တာဝန်ရှိသူများက ထူးချွန်ဆုနှင့် သင်တန်းသား ၅၀အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရန်တာဝန်ပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်



နေပြည်တော် မေ ၂၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် မေ၁၅ရက် နံနက်၈နာရီခွဲက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသဝမ်းစာဖူလုံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (ဝဲပုံ)

ပေးအပ်

ယင်းနောက် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ ကဏ္ဍအလိုက် ရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီ ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် စဉ်ဆက်မပြတ် ကွန်ပျူတာသင်ကြားမှုစနစ်သစ် မိတ်ဆက်

ရန်ကုန် မေ ၂၄

Ocean Gate သင်တန်းကျောင်း၏ နွေရာသီ ကွန်ပျူတာသင်တန်းဆင်းပွဲကို မေ၂၁ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Ocean Gate သင်တန်းကျောင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူသွယ်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ် (ICDL ImageMaker)ရရှိသူ ကျောင်းသား မောင်မြင့်မိုရ်ချမ်းမြေ့ကိုကိုအားဂုဏ်ပြုဆုအဖြစ်တစ်နှစ်စာအခမဲ့သင်တန်း တက်ရောက်ခွင့်ကို ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)ဆက်လက်၍ လုပ်ငန်းဆိုင်ရာ အရာရှိချုပ်က ကလေးများအတွက် အသစ်ဖွင့်လှစ်မည့် စဉ်ဆက်မပြတ် ကွန်ပျူတာပညာရပ်များ လေ့လာသင်ယူမှု အစီအစဉ်သစ်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် ဆရာများက ကလေးငယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များအား သင်တန်းအခမဲ့ တက်ရောက်ခွင့်နှင့် အထူးသင်တန်းကြေး ခံစားခွင့်များကို ကံစမ်းမဲဖောက်၍ မေတ္တာလက်ဆောင် တုံ့ပြန် ချီးမြှင့်ပေးသည်။

လျှော့ကျ

မိဘများအနေဖြင့် သားသမီးများကို ကွန်ပျူတာနည်းပညာရပ်များ သင်ယူစေကြ

သည်။ ကလေးငယ်အများစုသည် နွေရာသီ ကျောင်းပိတ်ရက်အတွင်းမှသာ ကွန်ပျူတာကို သင်ယူကြရသည်။ ကျောင်းများ ပြန်ဖွင့်သောအခါ ကွန်ပျူတာနှင့်ထိတွေ့မှုမှာ မရှိသလောက် လျော့ကျသွားသည်။

ထိုလစ်ဟာနေသော အားနည်းချက်များကို ကွက်လပ်ဖြည့်ပေးနိုင်ရန်အတွက် Ocean Gateတွင်ကလေးများအတွက်ပုံမှန် ကျောင်းသင်ခန်းစာများကို သင်ယူနေရင်း ကျောင်းအားရက်များတွင် ကွန်ပျူတာကို စဉ်ဆက်မပြတ် ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။

ကလေးများ၏အသက်အရွယ်၊ ပညာအရည်အချင်း၊ ကွန်ပျူတာကို တတ်ကျွမ်းထားမှုတို့အပေါ်မူတည်၍ တစ်ဦးချင်းစီကို လေ့ကျင့် သင်ကြားပေးမည်ဖြစ်သည်။ သင်ရိုးညွှန်းတမ်းတွင် ရိုးရှင်း၍ အသုံးဝင်သော သင်ခန်းစာများကို မော်ကျူးအလိုက် ဖွဲ့စည်းထားပြီး မှတ်မိတတ်ကျွမ်းလွယ်သော သင်ကြားရေးပုံစံဖြင့် ပို့ချပေးမည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းစာများ သင်ကြားကျက်မှတ်မှုကို အရှိန်မပျက်စေဘဲ Fun with Technology ဆိုသော စကားအတိုင်း ကလေးငယ်များအား ပျော်ရွှင်လေ့လာသင်ယူကြရမည် ဖြစ်သည်။

အဆိုပါအစီအစဉ်သစ်ကို ဇူလိုင်လမှ စတင်သင်ကြားမည်ဖြစ်ရာ စိတ်ဝင်စားသော မိဘများအနေဖြင့် Ocean Gate သင်တန်းကျောင်းတည်ရှိရာ အမှတ် ၃၅၅ အခန်း၂၀၆ သိမ်ဖြူဈေးမှတ်တိုင်အနီး သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ခရိုင်မီးသတ် ဦးစီးဌာနမှူး ဒုတိယဦးစီးမှူး(ဈေး) ဦးအေးထွန်းစိုးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး အင်းစိန်၌ ဆောင်ရွက်

ရန်ကုန် မေ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် မေ ၁၆ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိရပ်ကွက်များ၌ ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများပြုလုပ်ရာ ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းနှင့် အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေတို့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ ခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဌေးလှိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြို့သစ် (က+ခ) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက်ခြင်နိုင်ဆေးဖျန်းဆောင်ရွက်နေမှု အခြေအနေ၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုနှင့် ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ (ဝဲပုံ)

ဟောပြော

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့သစ် (က+ခ) ရပ်ကွက် အမက (၄၃)၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေး ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျွန်းပင်နှင့် ယူကလစ်ပင် စိုက်ပျိုးရေး တာဝန်ပေးအပ်

ကလော မေ ၂၄

ကလောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့်အဖွဲ့သည် ဧပြီ ၃၀ ရက် နံနက်က အင်းပြင်ကျေးရွာတွင် ကျေးရွာများမှ တောင်သူ ၁၅၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ကျွန်းပင်နှင့် ယူကလစ်ပင် သုံးပင်နှုန်းစီဖြင့် ကျွန်းပင်နှင့် ယူကလစ်ပင် ၂၁၀၀၀ စီ စိုက်ပျိုးရန် တာဝန်ပေးအပ်ကြသည်။ (၀၂၄)

■ *ရှေ့ဖုံးမှ*

မီဒီယာ(Media) ဟု ဆိုလိုက်လျှင် နေ့စဉ်ထုတ် သတင်းစာ၊ အပတ်စဉ်ထုတ် ဂျာနယ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းသာမက လုံးချင်းစာအုပ်များ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအားလုံး အကျုံးဝင်ပါသည်။ မီဒီယာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတိုင်း၊ အစိုးရတိုင်းသည် မီဒီယာ၏ အခန်းကဏ္ဍကို အထူးအလေးထား၍ မြှင့်တင်လျက်ရှိကြသည်။

မီဒီယာလက်နက်

နိုင်ငံတစ်နိုင်ငံ၏ မီဒီယာအခန်းကဏ္ဍ အားကောင်းခိုင်မာသည်နှင့်အမျှ မိမိတို့ နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို တစ်ကမ္ဘာလုံးက ပိုမိုသိရှိနားလည်သဘောပေါက်လာနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မည်မျှ ရှိမရှိနှင့်ပါ တိုင်းတာလာကြပြီဖြစ်သည်။ တစ်ချိန်သောအခါက နိုင်ငံအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်၍ နယ်မြေကျူးကျော်ကာ ကျွန်ပြုခဲ့ကြသည်။ သို့သော်လည်း ယနေ့ခေတ်ကာလတွင် လက်နက်စွဲကိုင်၍ တိုက်ခိုက်ခြင်းနေရာတွင် မီဒီယာလက်နက်ဖြင့် ထိုးဖောက်၍ နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်နိုင်ရန် ကြိုးစားနေကြပြီ ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာရေး ကဏ္ဍပေါင်းစုံက နေ့မအား ညမနား ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည်လည်း နိုင်ငံတစ်ဝန်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ဆောင်ရွက်လျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြနေ ပြည်သူများအတွက်သာမက လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နယ်စွန်နယ်ဖျားဒေသများမှ ပြည်သူများအတွက်ပါ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်မရှိမဖြစ်လိုအပ်သောလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် ထိုစာကြည့်တိုက်များတွင်ထားရှိဖတ်ရှုနိုင်မည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများစသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်သည် တောင်ကုန်း တောင်တန်းများ၊ မြစ်ချောင်းများ ထူထပ်များပြားပြီး တစ်နေရာမှ တစ်နေရာသို့ သွားလာရေး ခက်ခဲမှုကြောင့် ဒေသ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

မေ ၁၈ရက်က ရခိုင်ပြည်နယ် သံတွဲမြို့ နန်းချောင်းကျေးရွာ ဒို့အလင်း ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

တိုးမြှင့်တပ်ဆင်

ပြန်ကြားရေးဝန်ကြီးဌာန၏ ရခိုင်ပြည်နယ်အတွင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတွင် ဒေသခံပြည်သူများမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် ထပ်ဆင့်လွှင့်စက် အသစ်တည်ဆောက်ပေးခြင်းနှင့် ရှိပြီးစက်များကို လွှင့်အားမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ စစ်တွေမြို့၊ သံတွဲမြို့နှင့် အမ်းမြို့တို့တွင် MRTV-4 အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ရေဒီယို အစီအစဉ်များကို ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ရေးအတွက် စက်အသစ်များတပ်ဆင်ပေးခြင်း၊ ဒေသဆိုင်ရာသတင်းများနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ငွေကုန်ကျသက်သာစွာ၊ လွယ်ကူစွာဖြင့် ဖမ်းယူနားဆင်နိုင်ရန်အတွက် FM ရေဒီယိုစနစ်ကို စီစဉ်ထုတ်လွှင့်ပေးခြင်း၊ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးလေဝသသတင်းများကို FM လိုင်းမှထုတ်လွှင့်ပေးခြင်းဖြင့် မုန်တိုင်းအန္တရာယ်ကာကွယ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးပြီး အဆိုပါစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်ပေးခြင်း၊ ပြည်သူများ နေ့စဉ်သတင်းစာ ဖတ်ရှုနိုင်ရေးအတွက် စစ်တွေမြို့၌ ကိုယ်ပွားသတင်းစာတိုက် တည်ဆောက်ပေးပြီး အရည်အသွေးကောင်း သတင်းစာများရရှိရေးအတွက် ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၁၂ ရုံ တပ်ဆင်ထားရှိရာ စက်တပ်ဆင်အင်အားများမှာ စစ်တွေမြို့နယ်တွင် (10 KW)၊ ဘူးသီးတောင်မြို့နယ်တွင် (1KW)၊ သံတွဲမြို့နယ်တွင် (100 W)၊ အမ်းမြို့နယ်တွင်(50W)၊ တောင်ကုတ်မြို့နယ်တွင်(50W)၊ လမူး(တောင်ကုတ်မြို့နယ်)တွင် (50 W)၊ မအီမြို့တွင် (50 W)၊ ဂွမြို့နယ်တွင် (50 W)၊ ကျောက်ဖြူမြို့နယ်တွင် (10 W)၊ မာန်အောင်မြို့နယ်တွင်(10 W)၊ ရမ်းဗြဲမြို့နယ်တွင် (10W)၊ ကျောက်တော်မြို့နယ်တွင် (10 W) တို့ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးကို ရုပ်မြင်သံကြားထုတ်လွှင့်မှု ရာနှုန်းပြည့် လွှမ်းခြုံပေးထားသော်လည်း တောတောင်များ ကာဆီးနေမှုကြောင့် ကျေးရွာအချို့မှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ထုတ်လွှင့်သည့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ဖမ်းယူရရှိနိုင်ခြင်း မရှိသေးရာ ၎င်းကျေးရွာများအတွက် ဂြိုဟ်တုမှ ထုတ်လွှင့်သည့် DTH (Direct to Home) Terminal Equipment (Set-top Box) ဖြင့် လွယ်ကူစွာ ဖမ်းယူရရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိသည်။ စုစုပေါင်း Unit ၃၀ တပ်ဆင်သွားမည်ဖြစ်ပြီး ကျေးရွာငါးရွာတွင် တပ်ဆင်ထုတ်လွှင့်နေပြီဖြစ်သည်။

ရာနှုန်းပြည့်

ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြားလွှင့်အား တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်မြို့နယ်တို့တွင် လက်ရှိတပ်ဆင်ထားသော (10W) လွှင့်စက်များအစား ရမ်းဗြဲမြို့နယ်အတွင်းရှိ ပိန္နဲတောင်ပေါ်မှ(3KW)လွှင့်စက်ဖြင့် ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကြာမီ ယင်းမြို့နယ်သုံးခုလုံးမှာ ရာနှုန်းပြည့် ဖမ်းယူရရှိနိုင်တော့မည်ဖြစ်သည်။

တိုးမြှင့်ထုတ်လွှင့်

ထို့အတူ ကျောက်တော်မြို့နယ်တွင် (10W) လွှင့်စက်ဖြင့် ထုတ်လွှင့်နေရာမှ (30W) လွှင့်စက်ဖြင့် တိုးမြှင့်ထုတ်လွှင့်မည်ဖြစ်ရာ မကြာမီ ရာနှုန်းပြည့် ဖမ်းယူရရှိနိုင်မည်ဖြစ်သည်။

သံတွဲမြို့တွင် (100W)လွှင့်စက်ဖြင့် ထုတ်လွှင့်နေခြင်းကို(300W)သို့ တိုးမြှင့်ထုတ်လွှင့်မည်ဖြစ်ရာ မကြာမီ ရာနှုန်းပြည့် ဖမ်းယူရရှိနိုင်မည် ဖြစ်သည်။သံတွဲမြို့တွင် (300W)လွှင့်စက် ပြောင်းလဲ တပ်ဆင်ပြီးပါက မူလ (100W)လွှင့်စက်အား တောင်ကုတ်မြို့သို့ ပြောင်းရွှေ့တပ်ဆင် ထုတ်လွှင့်ပေးမည်ဖြစ်ရာ တောင်ကုတ်မြို့အတွက်လည်း မင်္ဂလာသတင်းပင်ဖြစ်သည်။

ကြည်လင်စွာကြည့်ရှုနိုင်

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို (100W)DVB-T (ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှုစနစ်) ဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ၂၇ရက်မှ စတင်၍ ထုတ်လွှင့်ပေးလျက်ရှိရာ စစ်တွေမြို့နှင့်အနီးတစ်ဝိုက် ပေါက်တော၊ ပုဏ္ဏားကျွန်း၊ သင်ပုန်းတန်း၊ ရသေ့တောင်၊ မကျီးချောင်း၊ ပါဒလိပ်၊ ကုလားရွာ စသည့်ဒေသများမှ ကြည်လင်စွာ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်သည်။

သံတွဲမြို့တွင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို(100W) DVB-T (ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှုစနစ်)ဖြင့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်မှစတင်၍ ထုတ်လွှင့်ပေးနိုင်ခဲ့ရာ သံတွဲမြို့နှင့် အနီးတစ်ဝိုက်မှ ငပလီ၊ လုံးသာရွာ၊ ဆင်ခေါင်းရွာနှင့် ကင်းမော်ရွာ စသည့် ဒေသများမှ ကြည်လင်စွာ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်သည်။

အမ်းမြို့တွင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို (50 W) DVB-T (ဒစ်ဂျစ်တယ် ရုပ်သံထုတ်လွှင့်မှုစနစ်) လွှင့်စက်ဖြင့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်မှစတင်၍ ထုတ်လွှင့်ပေးခဲ့ရာ အမ်းမြို့နှင့်အနီးတစ်ဝိုက်မှ မြို့ဟောင်းရွာ၊ အောက်ရွာ၊ လုံးရွာ၊ လောင်စက်ရွာ၊ စပ်စီရွာ စသည့်ဒေသများမှ ကြည်လင်စွာ ဖမ်းယူကြည့်ရှုနိုင်ကြပြီဖြစ်သည်။

ပိုမိုကောင်းမွန်

ရခိုင်ပြည်နယ်တွင် ပဉ္စဝတီ FM ရေဒီယို အစီအစဉ်များကို (300W) ထုတ်လွှင့်စက်ဖြင့် ၂၀၀၉ ခုနှစ် မတ်၂၇ရက်မှစတင်၍ စမ်းသပ်ထုတ်လွှင့်ပေးခဲ့သည်။ ယခုအခါ (300 W) ထုတ်လွှင့်စက်ကို လွှင့်အားပိုမိုကောင်းမွန်သော (1 KW) စက်အသစ်ဖြင့်၂၀၀၉ခုနှစ်ဧပြီ၂၀ရက်တွင် ပြောင်းလဲ တပ်ဆင်ခဲ့သည့်အတွက် ဖမ်းယူနိုင်မှုဧရိယာ ထပ်မံကျယ်ပြန့်လာသည့်အပြင် အသံအရည်အသွေး ပိုမိုကောင်းမွန်စွာဖြင့် ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်ပြီဖြစ်သည်။လွှင့်စကာလတွင် လေးနာရီစာ အစီအစဉ်များကို သုံးကြိမ်ပတ်လည်စနစ်ဖြင့် စုစုပေါင်း ၁၂နာရီ ထုတ်လွှင့်ပေးခဲ့သည်။ ယခုအခါ လေးနာရီစာ အစီအစဉ် ပတ်လည်စနစ်အစား နံနက် ၇နာရီမှ ည၇နာရီအထိ ၁၂နာရီစာ တစ်ဆက်တည်း အစီအစဉ်များကို ၂၀၀၉ခုနှစ် မေ၂၁ရက်မှ စတင်၍ ထုတ်လွှင့်နေပြီဖြစ်သည်။

ပဉ္စဝတီ FM ရေဒီယိုအစီအစဉ်များကို ထုတ်လွှင့်ရာတွင် အချိန်နှင့်တစ်ပြေးညီ သတင်းများ၊ ဗဟုသုတရရှိစေမည့် အစီအစဉ်များ၊ ပညာပေးအစီအစဉ်များ၊ ဖျော်ဖြေရေး အစီအစဉ်များ စသည်တို့ကို အချိုးမျှတစွာ ထည့်သွင်းထားသည့်အပြင် ဒေသဆိုင်ရာအစီအစဉ်များနှင့် သတင်းများ၊ ရခိုင်ဘာသာဖြင့် ထုတ်လွှင့်ပေးသော တေးဂီတများ၊ အစီအစဉ်များကိုလည်း ဒေသခံများ နားဆင်နိုင်မည်ဖြစ်သည်။

ဘေးအန္တရာယ်ကင်းရှင်းရေး

ပဉ္စဝတီ FM ရေဒီယိုတွင် မိုးလေဝသ သတင်းများကို ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိပြီး မိုးလေဝသ အထူးသတင်း ကြေညာချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိသည်။အရေးကြီးသော မိုးလေဝသ အထူးသတင်းကြေညာချက်များကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်း၍ တစ်နာရီတစ်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပြီး အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အဆက်မပြတ် ထုတ်လွှင့်နိုင်ရေးကိုလည်း စီစဉ်ထားရှိပြီး ဖြစ်သည်။ အစီအစဉ်များကို ရေဒီယို၊ လက်ကိုင်ဖုန်း၊ မော်တော်ကားရေဒီယိုများဖြင့် ဖမ်းယူနားဆင်နိုင်မည်ဖြစ်သကဲ့သို့ ကမ်းနီး ကမ်းဝေးဒေသများ (ပင်လယ်အတွင်းပိုင်း ၂၅မိုင်ခန့်) မှပါ ဖမ်းယူရရှိနိုင်စေရန် လွှင့်အား ကောင်းမွန်စွာ စီစဉ်ဆောင်ရွက်ထားသည့်အတွက် ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်းခွင်ဝင်နေကြသော ရေလုပ်သားများလည်း လွယ်ကူစွာ ဖမ်းယူနားဆင်နိုင်ပြီး ထိရောက်စွာအသုံးချနိုင်တော့မည်ဖြစ်ရာ ရေဒီယိုနားထောင်ရင်း အန္တရာယ်ကင်းစွာဖြင့် ဇိမ်ကျကျစီးပွားရှာနိုင်တော့မည် ဖြစ်သကဲ့သို့ မိသားစုစောင့်ကြိုရာ အိမ်ဂေဟာသို့ သေချာစွာ အိမ်ပြန်လုကြတော့မည်ဖြစ်သည်။ FM ရေဒီယိုတစ်လုံးအတွက် ငွေကျပ်၄၀၀၀ခန့် အကုန်အကျခံရုံမျှဖြင့် လုပ်ငန်းခွင် သာယာစိုပြည်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဖြည့်ဆည်းနိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်၏ စေတနာကား ဖြူစင်ခဲ့ထည်လွှန်းလှတော့သည်။

တိုးချဲ့ထုတ်လွှင့်

ပဉ္စဝတီ FM ရေဒီယိုအစီအစဉ်များကို စစ်တွေမြို့နှင့် အနီးတစ်ဝိုက် ပေါက်တော၊ ပုဏ္ဏားကျွန်း၊ သင်ပုန်းတန်း၊ ရသေ့တောင်၊ မကျီးချောင်း၊ ပါဒလိပ်၊ ကုလားရွာ စသည့် ဒေသများမှ အသံကြည်လင် ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်သည်။ ထို့အတူ သံတွဲနှင့် အမ်းမြို့များတွင်ပါ တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် FM စက်ပစ္စည်းများတပ်ဆင်၍စီစဉ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်၊ မန္တလေး အစရှိသည့် မြို့ကြီးများနှင့်မခြား လေလှိုင်းကြားမှ သံစဉ်များက နေရာယူနိုင်ကြတော့မည် ဖြစ်ပေသည်။

ထုတ်လွှင့်ပေး

ပဉ္စဝတီ FM ရေဒီယိုအစီအစဉ်များကို ထုတ်လွှင့်ရာတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယိုများတွင်ထုတ်လုပ်ပြီး စစ်တွေမြို့သို့ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ပေးပို့သည်။ ထိုပေးပို့ချက်ကို စစ်တွေမြို့ရှိ ထုတ်လွှင့်ရေးစခန်းမှ ဖမ်းယူပြီး (1KW) FM ထုတ်လွှင့်စက်ဖြင့် စစ်တွေမြို့နှင့် အနီးတစ်ဝိုက်သို့ ထုတ်လွှင့်ပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အား မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရုပ်မြင်သံကြား ထုတ်လွှင့်မှုသာမက ကျေးလက်နေပြည်သူများအနေဖြင့် စာဖတ်နိုင်စေရန်၊ စာပေအနုပညာကဏ္ဍတွင် နောက်ကျကျန်မနေခဲ့ဘဲ လက်လှမ်းမီစေရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကျေးရွာစာကြည့်တိုက်များကို ထူထောင်ပေးခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ကျော်တွင် ၄၀၀၀ကျော်စလုံး ကျေးရွာစာကြည့်တိုက်များ ထူထောင်ပြီး ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်

ရခိုင်ပြည်နယ်အတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ဆောက်ပေးပြီး အဆိုပါစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များ၏ မတည်အလှူငွေဖြင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုအစီအစဉ်အရ စစ်တွေမြို့နယ်မှ ကြို့တဲကျေးရွာ၊ ရသေ့တောင်မြို့နယ်မှ ဘာထလေးကျေးရွာနှင့် သောင်းဒရားကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်မှ အောင်ဖြူပြင်ကျေးရွာနှင့် ကွမ်းတောင်ကျေးရွာ၊ ကျောက်တော်မြို့နယ်မှ လမ်းမတော်ကျေးရွာနှင့် အပေါက်ဝကျေးရွာ၊ မင်းပြားမြို့နယ်မှ စွန်ရဲကျေးရွာ၊ မြေပုံမြို့နယ်မှ အငူကျေးရွာ၊ ပေါက်တောမြို့နယ်မှ တောင်းဖူးကျေးရွာ၊မြောက်ဦးမြို့နယ်မှ ထမ္မရာဇ်ကျေးရွာ၊ မောင်တောမြို့နယ်မှ ကျိန်ချောင်းကျေးရွာ၊ ဘူးသီးတောင်မြို့နယ်မှ ရွာမကျေးရွာ၊ ကျောက်ဖြူမြို့နယ်မှ ငလပွေ့ကျေးရွာနှင့် စိုင်ခြံကျေးရွာ၊ ရမ်းဗြဲမြို့နယ်မှ လက်ပံဝကျေးရွာ၊ မာန်အောင်မြို့နယ်မှ ကမားကျေးရွာ၊ အမ်းမြို့နယ်မှ ဒိုင်ကြီးကျေးရွာ၊ သံတွဲမြို့နယ်မှ နန်းချောင်းရွာ၊ တောင်ကုတ်မြို့နယ်မှ ကိုင်းရှည်ကျေးရွာ၊ ဂွမြို့နယ်မှ တိုင်ကျိုးကျေးရွာ စသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၁တိုက်အထိ ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုဖွင့်လှစ်နိုင်ခဲ့သော စာကြည့်တိုက်များအတွက် နိုင်ငံတော်နှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာကြည့်တိုက်တစ်တိုက်လျှင် ကျပ်သိန်း၃၀နှုန်းဖြင့် စာကြည့်တိုက် ၁၇တိုက်အတွက် ကျပ်သိန်း ၅၁၀ကိုလည်းကောင်း၊ဒေသခံပုဂ္ဂလိကအလှူရှင်နှစ်ဦးက စာကြည့်တိုက်လေးတိုက်အတွက် ကျပ်သိန်း ၁၂၀ကိုလည်းကောင်း လှူဒါန်းခဲ့ရာ ဤမျှကြီးမားလှသော စေတနာက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စာတတ်စေရေး၊စာဖတ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မြေကြီးလက်ခတ်မလွဲ အကျိုးဖြစ်ထွန်းစေပေတော့မည်။

စာအုပ်မျိုးစုံ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကြို့တဲကျေးရွာ ပညာ့စမ်းရေတွင်း စာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် ပုံနှိပ်စက်အသစ်များ တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ပေးထားရာ နေ့စဉ်သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

ရွက်လျက်ရှိရာတွင် ရုပ်မြင်သံကြား ထုတ်လွှင့်မှုသာမက ကျေးလက်နေပြည်သူများအနေဖြင့် စာဖတ်နိုင်စေရန်၊ စာပေအနုပညာကဏ္ဍတွင် နောက်ကျကျန်မနေခဲ့ဘဲ လက်လှမ်းမီစေရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကျေးရွာစာကြည့်တိုက်များကို ထူထောင်ပေးခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ကျော်တွင် ၄၀၀၀ကျော်စလုံး ကျေးရွာစာကြည့်တိုက်များ ထူထောင်ပြီး ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်

ရခိုင်ပြည်နယ်အတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ဆောက်ပေးပြီး အဆိုပါစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များ၏ မတည်အလှူငွေဖြင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုအစီအစဉ်အရ စစ်တွေမြို့နယ်မှ ကြို့တဲကျေးရွာ၊ ရသေ့တောင်မြို့နယ်မှ ဘာထလေးကျေးရွာနှင့် သောင်းဒရားကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်မှ အောင်ဖြူပြင်ကျေးရွာနှင့် ကွမ်းတောင်ကျေးရွာ၊ ကျောက်တော်မြို့နယ်မှ လမ်းမတော်ကျေးရွာနှင့် အပေါက်ဝကျေးရွာ၊ မင်းပြားမြို့နယ်မှ စွန်ရဲကျေးရွာ၊ မြေပုံမြို့နယ်မှ အငူကျေးရွာ၊ ပေါက်တောမြို့နယ်မှ တောင်းဖူးကျေးရွာ၊မြောက်ဦးမြို့နယ်မှ ထမ္မရာဇ်ကျေးရွာ၊ မောင်တောမြို့နယ်မှ ကျိန်ချောင်းကျေးရွာ၊ ဘူးသီးတောင်မြို့နယ်မှ ရွာမကျေးရွာ၊ ကျောက်ဖြူမြို့နယ်မှ လေပွေ့ကျေးရွာနှင့် စိုင်ခြံကျေးရွာ၊ ရမ်းဗြဲမြို့နယ်မှ လက်ပံဝကျေးရွာ၊ မာန်အောင်မြို့နယ်မှ ကမားကျေးရွာ၊ အမ်းမြို့နယ်မှ ဒိုင်ကြီးကျေးရွာ၊ သံတွဲမြို့နယ်မှ နန်းချောင်းရွာ၊ တောင်ကုတ်မြို့နယ်မှ ကိုင်းရှည်ကျေးရွာ၊ ဂွမြို့နယ်မှ တိုင်ကျိုးကျေးရွာ စသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၁တိုက်အထိ ဆောက်လုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုဖွင့်လှစ်နိုင်ခဲ့သော စာကြည့်တိုက်များအတွက် နိုင်ငံတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာကြည့်တိုက်တစ်တိုက်လျှင် ကျပ်သိန်း၃၀နှုန်းဖြင့် စာကြည့်တိုက် ၁၇တိုက်အတွက် ကျပ်သိန်း ၅၁၀ကိုလည်းကောင်း၊ဒေသခံပုဂ္ဂလိကအလှူရှင်နှစ်ဦးက စာကြည့်တိုက်လေးတိုက်အတွက် ကျပ်သိန်း ၁၂၀ကိုလည်းကောင်း လှူဒါန်းခဲ့ရာ ဤမျှကြီးမားလှသော စေတနာက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စာတတ်စေရေး၊စာဖတ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မြေကြီးလက်ခတ်မလွဲ အကျိုးဖြစ်ထွန်းစေပေတော့မည်။

စာအုပ်မျိုးစုံ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်း၌ အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၂၁တိုက်သို့ တစ်တိုက်လျှင် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်းစသည့် စာအုပ်မျိုးစုံကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ကိုယ်ပွားသတင်းစာတိုက်

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ နေ့စဉ်သတင်းစာ ဖတ်ရှုနိုင်ရေးအတွက် စစ်တွေမြို့တွင် ကိုယ်ပွားသတင်းစာတိုက်ကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၂၆ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ အရည်အသွေးကောင်း သတင်းစာများရရှိရေးအတွက် ပုံနှိပ်စက်အသစ်ကို တိုးမြှင့်တပ်ဆင်ခဲ့သကဲ့သို့ ပိုမိုအရည်အသွေးမြင့်သည့် စက္ကူများကိုလည်း တိုးမြှင့်အသုံးပြု ပုံနှိပ်ထုတ်ဝေခဲ့ရာ ရခိုင်ပြည်နယ်ရှိ ပြည်သူများအနေဖြင့် ပို၍အရည်အသွေး ကောင်းမွန်သော သတင်းစာများကို တိုးချဲ့ ဝယ်ယူဖတ်ရှုနိုင်တော့မည် ဖြစ်ပေသည်။ ယခင် ခေတ်အခါက အခြားဒေသမှ သတင်းစကားတစ်ခု ကြားနိုင်ရန်အတွက် လနှင့်ချီလျက်စောင့်ဆိုင်းကာ စက်လှေ၊ မော်တော်ဆိုက်မှသာ အခြားကမ္ဘာနှင့် ထိတွေ့နိုင်သော အခြေအနေမှ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများကို ကျေးရွာတိုင်း၌ထိတွေ့မြည်းစမ်းနိုင်တော့မည်ဆိုသည့်ဖြစ်ရပ်မှာ သာမန်လုပ်ဆောင်ချက် မဟုတ်ကြောင်းကိုသတင်းစာကိုင်ရင်းကြည်နူးနေသည့် ဒေသခံဦးကြီးတစ်ယောက်၏ အပြုံးက အတည်ပြုပေးနေတော့သည်။

ရခိုင်ပြည်နယ် သံတွဲမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ MRTV -4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ဆက်လက်ဖြန့်ဖြူး

ကျေးရွာတိုင်း သတင်းစာရောက်ရှိရေးစီမံချက်အရ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း၁၇ မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၀၄၀မှ စာကြည့်တိုက်များသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စောင်ရေ ၄၀၀နှင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စောင်ရေ ၆၄၀၊ စုစုပေါင်း သတင်းစာ၁၀၄၀စောင်ကို အခမဲ့ ဖြန့်ချီပေးရာ ထိုအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ချိုသာသော အထူးနှုန်းဖြင့်ရောင်းချပေးလျက်ရှိသည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ကျေးရွာပြည်သူများ စာဖတ်ရှိန် တိုးမြှင့်လာစေရေးနှင့် ဗဟုသုတ ရရှိစေရေးအတွက် သတင်းစာများဝယ်ယူလိုပါက ဖော်ပြပါ ချိုသာသော အထူးနှုန်းဖြင့် သတင်းစာများ ဆက်လက်ဖြန့်ဖြူးပေးရန်လည်း စီစဉ်ထားရှိရာ သတင်းမီဒီယာခေတ်တွင် နောက်မကျတမ်း ပါဝင်စူးစမ်းနိုင်ကြတော့မည်ဖြစ်သည်။

စည်းရုံးဆောင်ရွက်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ကျေးရွာတိုင်းသို့ သတင်းစာ လက်ဝယ်ရောက်ရှိရေး၊ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ရာတွင် အလှူရှင်များ ပေါ်ပေါက်ရေးကို စည်းရုံးဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးရွာများမှ စုပေါင်းဝယ်ယူသော စနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် တစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ဖွံ့ဖြိုးတိုးတက်မှုများကိုဒေသခံပြည်သူများလက်တွေ့အကျိုးခံစားနေကြရပြီဖြစ်သည်။ ထိုတိုးတက်ဖြစ်ပေါ်မှုများ အနက်မှ တစ်စိတ်တစ်ပိုင်းဖြစ်သော မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ တက်ကုန် လက်ကုန် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်ပါကြောင်း မှတ်တမ်းပြုစု တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံပြည်သူများ လက်တွေ့အကျိုးခံစားနေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က ကုမ္ပဏီဥပဒေ (ဒုတိယပိုင်း) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်ဆက်သွယ်

ဟောပြောပွဲတက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မေ၂၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း- ၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် မေ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရန်ကုန်တိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရန်ကုန်(မြို့လယ်)တွင် ၂ဒသမ ၅၂လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၁၆လက်မ၊ ဖျာပုံမြို့တွင် ၁ဒသမ၉၂လက်မ၊ ဇန်းမော်မြို့တွင် ၁ဒသမ၇၇လက်မ၊ မိုးကုတ်မြို့တွင် ၁ဒသမ၆၅လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)နှင့် နောင်ချိုမြို့တွင် ၁ဒသမ၄၂လက်မစီနှင့် ဟုမ္မလင်းမြို့တွင် ဝဒသမ၉၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန်၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားလျက် ပိုမိုအားကောင်းလာခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်ဘက် မိုင်၃၀၀ (စစ်တွေမြို့၏ အနောက် တောင်ဘက် မိုင်၃၃၀)ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ မုန်တိုင်း၏ အများဆုံးလေတိုက်နှုန်းသည် ဗဟိုချက်အနီးတွင် တစ်နာရီ မိုင်၅၀မှ မိုင်၇၀အထိ တိုက်ခတ်နိုင်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၃၆နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းကမ်းခြေကို ဖြတ်ကျော် ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေသည်။

မေ ၂၅ရက် ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဤသို့ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ လက်ဖက်စိုက်ပျိုး ထုတ်လုပ်မှု တိုးပွားလာမည် ဖြစ်သကဲ့သို့ ထုတ်ကုန် အရည်အသွေး တိုးတက်ကာ စားသုံးမှု များပြားသော လက်ဖက်ဈေးကွက်ကြီး မှာလည်း ကြီးမားလာမည်ဖြစ်။

"ကျန်းမာရေးနဲ့ ညီညွတ်အောင် လက်ဖက်ခြောက်ထုတ်လုပ်ပါတယ်"
ဦးအိုက်ရှို
နမ့်စန်မြို့။

● ကျော်ဖုံးမှ

စိုက်ပျိုး

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရမည် ဟူသော ရည်မှန်းချက်ချမှတ်ကာဖလမ်း၊ဟားခါးနှင့် မင်းတပ်မြို့နယ်များတွင်လည်း အဓိက စိုက်ပျိုးလုပ်ကိုင်လာကြပြီဖြစ်သည်။

ထိုးဖောက်

မြန်မာနိုင်ငံ၏ လက်ဖက်စားသုံးမှု အစဉ်အလာသည် ကြီးမားသည်။ မြန်မာနိုင်ငံတွင် လက်ဖက်ကို လက်ဖက်သုပ်၊ လက်ဖက်ရည် (ရေနွေးကြမ်း)နှင့် လက်ဖက်ရည်ချိုစသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် စားသုံးလာခဲ့သည်မှာ ရေးပဝေသဏီကပင်ဖြစ်၏။ မြန်မာ့လက်ဖက်ကို ပြည်တွင်းစားသုံးမှု သာမက ကမ္ဘာ့နိုင်ငံအချို့တွင် လူကြိုက်များလာသဖြင့် ဈေးကွက် ထိုးဖောက်မှု ကျယ်ပြန့်လာလျက်ရှိပေသည်။

အလုပ်ရုံဆွေးနွေးပွဲ

သို့သော် လက်ဖက်စိုက်ပျိုးမှု နည်းပညာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရခြင်းကြောင့် လက်ဖက်တစ်ဧကအထွက်နှုန်း နည်းပါးကာ ထုတ်လုပ်မှုလျော့ကျစေခဲ့ရသည်။ ထို့ကြောင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၏ ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် လက်ဖက်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲကြီး တစ်ရပ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ မေ ၂၁ရက်က အောင်မြင်စွာ ကျင်းပခဲ့သည်။

အကြီးမားဆုံး

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကြီးသို့ လက်ဖက်ကျွမ်းကျင်ပညာရှင်များ၊ဒေသခံလက်ဖက်စိုက်တောင်သူများ၊ လက်ဖက်ထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများနှင့် လက်ဖက်စိုက်ပျိုးရေးနည်းပညာ လေ့လာသူများ တက်ရောက်ကြသည်။ ယင်းလက်ဖက်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၌ ကျင်းပသည့် လက်ဖက်အလုပ်ရုံဆွေးနွေးပွဲများတွင် အကြီးမားဆုံးသောအလုပ်ရုံဆွေးနွေးပွဲကြီးဖြစ်ကြောင်း သိရသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌက "ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လက်ဖက်စိုက် ဧက ၁၂၇၄၈၃ဧကရှိပြီး ဆွတ်ခူးနေသည့် ဧက ၁၂၄၈၇၄ ဧကရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လက်ဖက်စိုက် ဧက ၅၀၅၅၄ဧကရှိပြီး ဆွတ်ခူးနိုင်သော ဧက ၄၈၄၂၁ဧကရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် လက်ဖက်စိုက်ဧက ၂၂၁၉၈၀ ရှိပြီး၊ ၁၉၂၃၆၂ဧက ဆွတ်ခူးလျက်ရှိကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၉၀ဒသမ၆၉ပိဿာ အထိသာ ထွက်ရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် တစ်ဧကပိဿာချိန် ၁၀၀၀အထက် ထွက်ရှိမှုနှင့် နှိုင်းစာလျှင် မြန်မာနိုင်ငံ၏ လက်ဖက်တစ်ဧက အထွက်နှုန်းမှာ နည်းပါးနေကြောင်း၊ တစ်ဧကအထွက်နှုန်းတိုးရေး ခေတ်မီစိုက် ပျိုးရေးနည်းပညာများအသုံးပြုလုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း" ပြောကြားသည်။

ပြုပြင်ပေးရေး

အလုပ်ရုံ ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပညာရှင်များက တစ်ဧက အထွက်နှုန်းတိုးရန် ယခင်က တစ်ဧကလျှင် အပင် ၁၀၀၀ စိုက်ပျိုးနေရာမှ အပင် ၆၀၀၀အထိ စနစ်တကျ စိုက်ပျိုးရေး၊ အပင်ဟောင်းများ ပြုပြင်ပေးရေးတို့ကို ဆွေးနွေးသည်။

ဆိုးဆေးကိစ္စ

အလားတူ လက်ဖက်လုပ်ငန်းရှင်များက လက်ဖက်စိုက်ပျိုးမှုနှင့် လက်ဖက်စို၊လက်ဖက်ခြောက်နှင့် အချိုခြောက် ထုတ်လုပ်မှု နည်းပညာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)မှ ကျွမ်းကျင်ပညာရှင်တစ်ဦးက လက်ဖက်ဆိုးဆေးနှင့် ပတ်သက်၍ စနစ်တကျ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ JICA မှ ဂျပန်ပညာရှင် မစ္စတာဒန်ဒိုက လက်ဖက်စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မိုင်းမောနှင့် တာမိုးညဲဒေသတို့မှ

"အရသာ ကောင်းမွန်သော လက်ဖက်ခြောက်အမျိုးမျိုး ထုတ်လုပ်ပါတယ်"
ဒေါ်ခင်ရွှေဝင်း
နမ့်စန်မြို့။

လက်ဖက်နှင့် လက်ဖက်ထွက်ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကိုလည်း ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

ခေတ်မီစက်

ယင်းပြခန်းများအနက် မိုင်းမော၊ တန့်ယန်းနှင့် တာမိုးညဲဒေသတို့မှထွက်ရှိသည့် ဂူလုံလက်ဖက်ခြောက် ထုပ်ပိုးပစ္စည်း ပြပွဲမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ ဂူလုံလက်ဖက်ခြောက်မှာ အခြားလက်ဖက်နှင့် မတူဘဲ လက်ဖက်ခြောက်ကို ခေတ်မီစက်များသုံးပြီး အလုံးလေးများ ပြုလုပ်ကာ အခြောက်ခံထားသည်။ ဂူလုံလက်ဖက်ခြောက် သောက်သုံးပုံမှာလည်း တစ်မူထူးခြားသည်။ ဂူလုံလက်ဖက်ခြောက် အနည်းငယ်ကို ကြွေကရားငယ်ဖြစ်စေ၊ လက်ဖက်ရည်ချိုပန်းကန်အကြီးနှင့်ဖြစ်စေ ထည့်စေလျက် ဆူပွက်နေသော ရေနွေးလောင်းထည့်စေပြီး ရရှိလာသည့် ရေနွေးကြမ်းအား သောက်သုံးခြင်းဖြစ်သည်။ ကြွေကရားအတွင်းခတ်ထားသော ဂူလုံလက်ဖက်ခြောက်ဖတ်များကို ရေစစ်ငယ်ဖြင့်စစ်၍ သောက်ရ၏။ အရသာမှာ သင်းပျံ့မွှေးကြိုင်ပြီး လက်ဖက်ရည်(ရေနွေးကြမ်း) ကြိုက်သူများအတွက် လက်ဖက်အရသာ အပြည့်အဝ ခံစားနိုင်ပေသည်။ ဂူလုံ လက်ဖက်ခြောက်သည် အနံ့အရသာကောင်းမွန်ခြင်း၊ လက်ဖက်အရည်အသွေးကောင်းမွန်ခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းအဖြစ် ထုပ်ပိုးထားခြင်းတို့ကြောင့် ဈေးကွက်တွင် လူကြိုက်များလျက်ရှိသည်။ သက်သာသော ဈေးနှုန်းဖြင့် များများထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးနိုင်လျှင် မြန်မာ့လက်ဖက်ဈေးကွက် ကျယ်ပြန့်လာနိုင်မည်ဖြစ်သည်။

"လက်ဖက် တစ်ဧကအထွက်နှုန်း တိုးရေး ကြိုးစားလုပ်ကိုင်နေပါတယ်"
ဦးသန်းဝင်း
တန့်ယန်းမြို့။

ကျောက်မဲခရိုင် လက်ဖက်ပြကွက်တွင် နမ့်စန်မြို့ ဖောဓိကုန်းရပ်ကွက်မှ လက်ဖက်လုပ်ငန်းရှင် ဒေါ်ခင်ရွှေဝင်းက "ကျွန်မတို့ နမ့်စန်မြို့ကနေ လာရောက်ပြသတာပါ၊ ပလောင်ထိပ်ထားအမည်နဲ့ လက်ဖက်ခြောက်သုံးမျိုးသုံးစား ထုတ်လုပ်ပါတယ်။ မဟူရာခြောက်၊ ကျောက်စိမ်း ခြောက်နဲ့ ရွှေဝါရောင်ခြောက်တို့ ဖြစ်ပါတယ်။ လက်ဖက်ခြောက်ထုတ်လုပ်ရာမှာ ဆိုးဆေးသုံးစွဲမှု ရေးကတည်းက မရှိခဲ့ပါဘူး၊ ထုတ်လုပ်တဲ့ လက်ဖက် အရည်အသွေးနဲ့ နည်းပညာပေါ်မူတည်ပြီး လက်ဖက်ရည်အရောင်မှာ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်ဟူ၍ ပြောင်းလဲတာပဲရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယင်းနောက် နမ့်စန်မြို့ တော်ဝင် လက်ဖက်ခြောက်စက်ရုံမှ ဦးအိုက်ရှိုကလည်း "ကျွန်တော် လက်ဖက်လုပ်ငန်း လုပ်ကိုင်တာ ၁၉နှစ်ရှိပါပြီ။ ကျန်းမာရေး အထောက်အကူပြု လော်သင်းမွှေး လက်ဖက်ခြောက် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေပါတယ်။ လက်ဖက်မှာ ဗီတာမင် A, B1, B2, B12၊သံဓာတ်နဲ့ ကယ်လ်ဆီယံဓာတ်များ ပါရှိတာကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချိုစတဲ့ ရောဂါတွေ ကာကွယ်ပေးနိုင်ပါတယ်" ဟု ရှင်းပြသည်။

ဈေးကွက်ကြီးမား

သို့ဖြစ်ပေရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဤသို့ လက်ဖက် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု တိုးပွားလာမည် ဖြစ်သကဲ့သို့ထုတ်ကုန်အရည်အသွေး တိုးတက်ကာ စားသုံးမှုများပြားသော လက်ဖက်ဈေးကွက်ကြီးမှာလည်း ကြီးမားလာမည်ဖြစ်ပါကြောင်း ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လက်ဖက်ပြပွဲကို ဤသို့ ခင်းကျင်းပြသခဲ့သည်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျေးရွာပြည်သူများ နေ့စဉ်ထုတ်သတင်းစာများ စဉ်ဆက်မပြတ်ဖတ်ရှုနိုင်

လားရှိုး မေ ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)၏ စီမံမှုဖြင့် ကျေးလက်နေပြည်သူများ ကုန်ကျစရိတ် သက်သာစွာဖြင့် ဇီဝဘက်ထရီ အသုံးပြု၍ LED မီးလုံးများဖြင့် အလင်းရောင်ရရှိသည့် သရုပ်ပြပွဲများကို မေလအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျေးလက်ဒေသများတွင် တာဝန်ရှိပုဂ္ဂိုလ်များမှ သွားရောက်ပြသပေးခဲ့ကြသည်။

အလင်းဆောင်

အဆိုပါ ဇီဝဘက်ထရီသုံးမီးလုံးများသည် ကုန်ကျစရိတ်သက်သာပြီး မီးဘေးအန္တရာယ်ကင်းဝေးကာ အလွယ်တကူ တပ်ဆင်အသုံးပြု၍ အလင်းရောင်ရရှိနိုင်သဖြင့် ကျေးလက်နေပြည်သူများ လက်တွေ့ အသုံးပြုလာကြသောကြောင့် ကျေးလက်ဒေသများတွင် အလင်းဆောင်နိုင်ကြပြီဖြစ်သည်။

မြင့်မားတိုးတက်

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် ယနေ့နိုင်ငံတော်၏ ပကတိအခြေအနေဖြစ်ရပ်မှန်များကို သိရှိနိုင်ရေးအတွက် ကျေးရွာပေါင်း ၁၃၅ ရွာသို့ နေ့စဉ်ထုတ်သတင်းစာများကို ၂၀၀၆ ခုနှစ် မေလမှ ၂၀၀၈ ခုနှစ် ဧပြီလအထိ သုံးနှစ်ဆက်တိုက်လှူဒါန်းပေးခဲ့သဖြင့် ကျေးလက်နေပြည်သူများ သတင်းစာဖတ်သည့်အလေ့အထ၊ စာဖတ်သည့် အကျင့်ကောင်းများ ရရှိစေခဲ့သည်။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း အဆိုပါကျေးရွာများသို့ ဟောပြောပွဲများ၊ သတင်းစာဖတ်ပြိုင်ပွဲများ၊ စာဖတ်ပွဲများ ကျင်းပပေးခဲ့ကြသဖြင့် စာဖတ်ရှိန်များ မြင့်မားတိုးတက်ခဲ့သည်။

ဗဟုသုတတိုးပွား

ယခုအခါ ၂၀၀၉ ခုနှစ် မေလမှစ၍ ကျေးရွာ ၁၃၅ ရွာရှိ စာကြည့်တိုက်များအားလုံး ကျေးရွာစာကြည့်တိုက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ပုဂ္ဂလိက အလှူရှင်များမှလည်းကောင်း ဝယ်ယူလှူဒါန်းရရှိကြသဖြင့် နေ့စဉ်ထုတ် သတင်းစာများကို စဉ်ဆက်မပြတ် ဖတ်ရှုနိုင်ကြပြီဖြစ်၍ ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတများ တိုးပွားရရှိကြပြီဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဖြူးမြို့နယ်တွင် ဆွေးနွေး

ဖြူး မေ ၂၄

ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးသည် မေ ၄ရက်တွင် ဖြူးအရှေ့ကျေးရွာအုပ်စု နတ်ရေကန်ကျေးရွာနှင့် ရွာတန်းရှည်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာများသို့လည်းကောင်း၊ မေ ၅ရက်တွင် ထန်းကုန်းကျေးရွာသို့လည်းကောင်း မိမိရုံးဝန်ထမ်းများနှင့်အတူ သွားရောက်၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ရှင်းလင်းဆွေးနွေး

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံဖြစ်ရေး၊ စာငှားစနစ်ထားရှိရေး၊ ကျေးရွာများတွင် သတင်းစာထားရှိရေးနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အဖွင့်ပွဲစဉ်တွင် အနိုင်ရထားသည့် ရန်ကုန်ယူနိုက်တက်ကို

မကွေး F.C အသင်း ခြေစွမ်းပြအနိုင်ယူ

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)နှင့်ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၄

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ မကွေးတိုင်း ကိုယ်စားပြု မကွေး F.C က ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C ကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည့် မကွေး F.C အသင်း ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

မကွေး F.C - နှစ်ဂိုး
ရန်ကုန်ယူနိုက်တက် F.C - ဂိုးမရှိ

အဖွင့်ပွဲစဉ်မှာ ဇေယျာရွှေမြေအသင်းကို လေးဂိုးပြတ် သွင်းယူပြီး ခြေစွမ်းပြခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်း ကံဆိုးခဲ့တဲ့ ပွဲပဲဖြစ်ပါတယ်။ မကွေးF.Cနဲ့ ခြေရည်တူ လိုက်ကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းမှုတွေ ဂိုးမဖြစ်ခဲ့တာ၊ မိနစ်၆၀မှာ နိုင်ဦးလွင် နှစ်ဝါ တစ်နီနဲ့ အထုတ်ခံခဲ့ရတာတွေကတော့ နိုင်ပွဲဆက်ဖို့ အိပ်မက်ပျက်ပြယ်ခဲ့ရတာပဲ ဖြစ်ပါတယ်။ ပထမ ပွဲစဉ်ကတည်းက Delta United နဲ့ သရေကျခဲ့ပေမယ့် ခြေစွမ်းပြနိုင်ခဲ့တဲ့ မကွေး F.C ဟာ အခုပွဲမှာ အကောင်းဆုံး ခြေစွမ်းကို ထုတ်ပြနိုင်ခဲ့ပြီး အနိုင်သုံးမှတ်ကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ပါတယ်။ အထူးသဖြင့် တိုက်စစ်မှူးစည်သူဝင်းဟာ နှစ်ပွဲဆက်တိုက် ခြေစွမ်းပြ ကစားသွားခဲ့ပြီး သူ့ရဲ့အနိုင်ဂိုးနှစ်ဂိုးနဲ့ပဲ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။ မကွေး F.C အတွက် တိုက်စစ်အားပိုကောင်းသွားစေတာကတော့ ၃၉မိနစ်မှာ နန္ဒလင်းကျော်ချစ်အစား ပြည့်ဖြိုးဦး ထည့်ကစားခဲ့တဲ့ လူစားလဲမှုဟာ မှန်ကန်ခဲ့ပြီး စည်သူဝင်း၊ အောင်မြင့်အေး၊ စိုးမင်းနိုင်နဲ့ ပြည့်ဖြိုးဦးတို့ တိုက်စစ်အတွဲဟာ ရန်ကုန်ယူနိုက်တက် ခံစစ်ကြောင်းကို ပြိုလဲစေခဲ့တာပဲဖြစ်ပါတယ်။

အပြန်အလှန်

အခုပွဲဟာ နှစ်သင်းစလုံးအတွက် အရေးပါတဲ့ ပွဲဖြစ်တာကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး ပွဲကလည်းမထင်မှတ်ဘဲ အနည်းငယ်ကြမ်းတမ်းခဲ့ပါတယ်။ ကွင်းလယ်ဒိုင် ဦးကိုကိုနိုင်ကလည်း အဝါ၊ အနီတွေ ပလူပုံအောင်သုံးခဲ့ပြီး မိနစ်၆၀မှာ ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး နိုင်ဦးလွင်ကို နှစ်ဝါ တစ်နီ၊ ၇၄ မိနစ်မှာ မကွေး F.Cက စိုးမင်းနိုင်ကို တိုက်ရိုက် အနီကတ်တွေနဲ့ ထုတ်ပယ်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက် F.Cဟာ ဇေယျာရွှေမြေကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ လူစာရင်းကို အပြောင်းအလဲမလုပ်ခဲ့ဘဲ မကွေး F.Cကလည်း ဒဏ်ရာရနေတဲ့ ဘိုဘိုအောင်ကလွဲလို့ လွှင်ဦး၊ ဇော်ထက်အောင်၊ စည်သူဝင်း၊ အောင်မြင့်အေးတို့နဲ့ လူစုံထုတ်ပြီး ရင်ဆိုင်ခဲ့တာကြောင့် ပွဲဟာ အပြန်အလှန်ရှိခဲ့ပါတယ်။

"နောက်ပွဲတွေမှာ နိုင်ပွဲပြန်ရဖို့ ဒီပွဲရဲ့ အမှားတွေကို ပြင်ဆင်သွားမှာပါ"
ဦးမျိုးလှိုင်ဝင်း
နည်းပြချုပ်
ရန်ကုန်ယူနိုက်တက် F.C ။

"ဒီလိုခြေစွမ်းနဲ့ နောက်ပွဲတွေမှာလဲ အနိုင်ရမယ်လို့ ယုံကြည်ပါတယ်"
ဦးကြည်လွင်
နည်းပြချုပ်
မကွေး F.C ။

ထိန်းချုပ်နိုင်

ရန်ကုန်ယူနိုက်တက် F.Cဟာ မျိုးမင်းထွန်း၊ ကြည်လင်းတို့ရဲ့ တောင်ပံနှစ်ဖက်ကနေ အမြင့်ဘောတွေနဲ့ အဓိကတိုက်စစ်ဆင်ခဲ့ပြီး မကွေး F.Cကတော့အလယ်ကြောကနေ တွဲလုံးတွေနဲ့ အများဆုံးတိုက်စစ်ဆင်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက် နောက်ခံလူတွေ အမှားအယွင်းမရှိအောင် ဖျက်ထုတ်ကစားနိုင်ခဲ့တာကြောင့် မကွေး F.C ဂိုးသွင်းခွင့်တွေ သိပ်မရခဲ့ပါဘူး။ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ မကွေး F.C နောက်တန်းဟာ အဖွင့်ပွဲစဉ်မှာ ဂိုးသွင်းစွမ်းရည်ပြခဲ့တဲ့ ရန်ကုန်တိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး ကျော်သူရနဲ့ မျိုးမင်းထွန်းတို့ အခွင့်အရေးတွေရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာ ဂိုးမရှိသရေဖြစ်နေပါတယ်။

ခေါင်းတိုက်သွင်း

ဒုတိယပိုင်းမှာတော့ ပွဲဟာပိုပြီး ပြိုင်ဆိုင်မှုပြင်းထန်လာပြီး မိနစ် ၅၀မှာ ကွင်းလယ်လူ စိုးလင်းထွန်းရဲ့ အဝေးကကန်သွင်းချက် တိုင်ထိထွက်သွားလို့ ရန်ကုန်ယူနိုက်တက်နစ်နာခဲ့ရပါတယ်။ ဒီဂိုးမဝင်တာဟာ ရန်ကုန်အတွက် အလှည့်အပြောင်းဖြစ်သွားပြီး တစ်မိနစ်အကြာမှာ ဂိုးပေးလိုက်ရပါတယ်။ ၅၁ မိနစ်မှာ စိုးမင်းနိုင်ကန်တင်ပေးတဲ့ ဘောလုံးကို စည်သူဝင်းက ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီဂိုးဝင်သွားတဲ့အချိန်မှာတော့ အထူးတန်းပွဲကြည့်စင်ညာဘက်ခြမ်းမှာရှိတဲ့ လိမ္မော်ရောင်ပရိသတ်တွေဆီက အောင်ပွဲခံသံဟာ တစ်ကွင်းလုံးကို ဖုံးလွှမ်းသွားခဲ့ပြီး ဘယ်ဘက်ခြမ်းက ရန်ကုန်ပရိသတ်တွေဆီက အသံကတော့ ရုတ်ခြည်း ငြိမ်သက်သွားခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက် ချေပဂိုးပြန်ရဖို့ ကြိုးစားပေမယ့် မိနစ်၆၀မှာ နိုင်ဦးလွင် နှစ်ဝါတစ်နီနဲ့အထုတ်ခံရတာကြောင့် ကစားကွက်တည်မရဖြစ်ခဲ့ပြီး နောက်တစ်ဂိုး ထပ်ပေးလိုက်ရပါတယ်။ ၆၈ မိနစ်မှာ ပြည့်ဖြိုးဦး ကန်တင်ပေးတဲ့ ဘောလုံးကို တိုက်စစ်မှူး စည်သူဝင်းက လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက် သွင်းခဲ့တာဖြစ်ပါတယ်။ နှစ်ဂိုးပြတ် ရှုံးနိမ့်နေတဲ့ ရန်ကုန်ယူနိုက်တက်ဟာ ပြည်ပကစားသမားတွေဖြစ်တဲ့ ကီရာနဲ့ အန်ဂျွန်တို့ကို ထည့်ပြီး ကစားကွက်ပြန်တည်ဖို့ လုပ်ခဲ့ပါတယ်။ ဒါပေမယ့် မကွေး F.C ရဲ့ ကစားပုံဟာ အမှားအယွင်းမရှိခဲ့သလို စိုးမင်းနိုင် အနီကတ်နဲ့ အထုတ်ခံရပေမယ့် အနိုင်ရလဒ်ကိုထိန်းပြီး သုံးမှတ်အပြည့်ရယူနိုင်ခဲ့ပါတယ်။

ယနေ့ပွဲ အကောင်းဆုံးဘောလုံးသမားဆုရ မကွေး F.C အသင်းမှ စည်သူဝင်း ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

ချီးမြှင့်

ပွဲအပြီးမှာ အကောင်းဆုံးဆုရ စည်သူဝင်း(မကွေး)ကို Grand Royal မှ ချီးမြှင့်ငွေကျပ် ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ မကွေး F.C ကို ကမ္ဘောဇဘဏ်လီမိတက်မှ ချီးမြှင့်ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ပါဝင်ကစား

မကွေး F.C မှာ **ဂိုး**-မျိုးကျော်အောင်၊ **နောက်တန်း**-ညီညီဝင်း(ထွန်းထွန်းနိုင်)၊ လင်းလင်းထွေး၊ နိုင်လင်းထွန်း၊ ကျော်ကျော်မျိုး၊ **အလယ်တန်း**-လွှင်ဦး(ဝင်းသူ)၊ အောင်မြင့်အေး၊ ဇော်ထက်အောင်၊ စိုးမင်းနိုင်၊ နန္ဒလင်းကျော်ချစ်(ပြည်ဖြိုးဦး)၊ **ရှေ့တန်း**-စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက် F.C မှာ **ဂိုး**-အောင်အောင်ဦး၊ **နောက်တန်း**-ကျော်ဒွန်း၊ ဌေးအောင်၊ အောင်သိုက်၊ ဇင်မင်းဦး (အန်ဂျွန်)၊ **အလယ်တန်း**-မျိုးမင်းထွန်း၊ ကြည်လင်း (မြတ်ထူးနိုင်)၊ တင်ဝင်းအောင်၊ စိုးလင်းထွန်း၊ **ရှေ့တန်း**-နိုင်ဦးလွင်နဲ့ ကျော်သူရ (ကီရာ)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ပြင်းပြင်းထန်ထန်ကြိုးစား

မကွေး F.C နည်းပြချုပ် ဦးကြည်လွင်က "ရန်ကုန်ယူနိုက်တက်နဲ့ ကစားဖို့ ကျွန်တော်တို့ သေချာပြင်ဆင်ခဲ့ပါတယ်။ ကစားသမားတွေ ပြင်းပြင်းထန်ထန်ကြိုးစားကစားခဲ့လို့ ဒီလိုအကောင်းဆုံးဆုရလဒ်ကိုရခဲ့တာပါ။ ပြိုင်ဘက်အသင်းက နည်းပြဆရာကောင်း၊ ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားပေမယ့် ကျွန်တော်တို့ က ကိုယ့်အသင်းကောင်းဖို့ပဲ အဓိက ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုခြေစွမ်းနဲ့ နောက်ပွဲတွေမှာလည်း အနိုင်ရမယ်လို့ ယုံကြည်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ကြိုးစားကစားခဲ့

ရန်ကုန်ယူနိုက်တက် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ဒီနေ့ပွဲက ပွဲကောင်းတစ်ပွဲပါ။ ကျွန်တော်တို့အသင်း ကြိုးစားကစားခဲ့သလို တစ်ဖက်အသင်းကလည်း အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲရလဒ်ကို ကျေနပ်ပါတယ်။ နောက်ပွဲတွေမှာ နိုင်ပွဲပြန်ရဖို့ ဒီပွဲကအမှားတွေကို ပြင်ဆင်သွားမှာပါ။ မစ်ဆီပိုကိုတော့ ဒူးနာနေလို့ ထည့်မသုံးခဲ့တာပါ"လို့ ပြောကြားခဲ့ပါတယ်။ ။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မကွေး F.Cအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပရိသတ်များ ဤသို့တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

၂၆-၅-၂၀၀၉
အောင်ဆန်းကွင်း
Southern Myanmar
နှင့်
ကမ္ဘောဇ
(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

ဩစတြေးလျအရှေ့မြောက်ပိုင်း၌ ရေလွှမ်း အိုးအိမ် ရာပေါင်းများစွာ ရေနစ်မြုပ်

ဆစ်ဒနီ မေ ၂၄

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မေ၂၄ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဆိုးရွားစွာ ဖြစ်ပွားလျက်ရှိရာ နေအိမ်ရာပေါင်းများစွာ ရေနစ်မြုပ်မှုနှင့် ကြုံတွေ့နေရကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

ကယ်ဆယ်ရေး

မြစ်ရေများလျှံမှုကြောင့် ကွင်းစလန် ပြည်နယ်တွင် ဒေသခံ ၂၀၀၀၀ခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

ထုတ်ပြန်

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်ပဆေနှင့် ဂရာတန်မြို့များတွင်လည်း ရေလွှမ်းမှုများဖြစ်ပွားနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း ဩစတြေးလျနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မူးယစ်ကင်းစင် အလှဆင်

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ဝုဖ်ဘတ်တို့ ဘွန်ဒက်စ်လီဂါဖလား ပထမဆုံးဆွတ်ခူး

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (နေပြည်တော်)

ဘာလင် မေ ၂၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၄)အဖြစ် ဝုဖ်ဘတ်နဲ့ ဝါဒါဘရီမင်တို့ မေ ၂၄ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ အိမ်ကွင်းမှာ ဝုဖ်ဘတ်တို့က ငါးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့တာမို့ ဒီနှစ်ဘောလုံးရာသီရဲ့ ဘွန်ဒက်စ်လီဂါဖလားကို ဝုဖ်ဘတ်အသင်း ပထမဆုံးအကြိမ် ဆွတ်ခူးသွားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဝုဖ်ဘတ်အသင်းဟာ ဘွန်ဒက်စ်လီဂါသမိုင်းမှာ ပထမဆုံး ဖိုလ်စွဲခဲ့တာ ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ပဉ္စမ၊ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီက အဆင့် ၁၅ နဲ့ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီက အဆင့် ၁၅ ရှိခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒီလိုအဆင့်တွေကနေပြီး ဒီနှစ်မှာ ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့တာကတော့ နည်းပြအာမင်ဗက်ရဲ့ စွမ်းဆောင်ရည်ကြောင့်ပဲ ဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးနိုင်ခဲ့သည့် ဝုဖ်ဘတ်အသင်းသားများဆုဖလားနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ရှုံးပွဲမရှိ

ဝုဖ်ဘတ်အသင်းအနေနဲ့ ဒီနှစ် ဘွန်ဒက်စ်လီဂါဖလားရရှိအောင် ဆွတ်ခူးနိုင်ခဲ့တဲ့နေရာမှာ တစ်ရာသီလုံး ကစားခဲ့တဲ့ပွဲတွေကို ကြည့်ရင် အခုအချိန်အထိ ၃၄ ပွဲကစား၊ ၂၁ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်တွေရရှိခဲ့ပါတယ်။ ဒီလိုကစားခဲ့တဲ့နေရာမှာ အိမ်ကွင်း ၁၇ပွဲမှာ ၁၆ပွဲနိုင်ပြီး တစ်ပွဲ သရေကျခဲ့တာမို့ တစ်ရာသီလုံး အိမ်ကွင်းရှုံးပွဲ မရှိခဲ့ပါဘူး။

ဝုဖ်ဘတ်တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားကိုကြည့်ရင် အိမ်ကွင်း ၁၇ပွဲမှာ ၃၈ဂိုး သွင်းနိုင်ခဲ့ပေမယ့် အဝေးကွင်း ၁၇ပွဲ ကစားခဲ့တဲ့နေရာမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲ ရှုံးပြီး စုစုပေါင်း ငါးဂိုးပဲ သွင်းယူနိုင်ခဲ့ပါတယ်။

ခြေစွမ်းပြ

ဒီနှစ်မှာ ဝုဖ်ဘတ်အသင်းအနေနဲ့ အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေအပေါ် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တာကတော့ ဘေယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုး၊ ဟိုဖန်ဟင်းကို လေးဂိုးပြတ်သွင်းပြီး ဝါဒါဘရီမင်ကို ငါးဂိုး-တစ်ဂိုးနဲ့ ခြေစွမ်းပြအနိုင်ယူခဲ့တဲ့ ပွဲစဉ်တွေပဲ ဖြစ်ပါတယ်။

ဝုဖ်ဘတ်အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ အဝေးကွင်း ဂိုးအများဆုံးသွင်းယူပြီး နိုင်ခဲ့တဲ့ပွဲကတော့ ဒီနှစ်ဘောလုံးရာသီမှာ ဟန်နိုဗာအသင်းကို ငါးဂိုးပြတ် သွင်းယူပြီး အနိုင်ရရှိခဲ့တဲ့ပွဲပဲ ဖြစ်ပါတယ်။

သွင်းယူပေး

ဝုဖ်ဘတ်အသင်း ဒီနှစ်မှာ အခုလို ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်အောင် အဓိကစွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေကတော့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဂရာဖီတေးနဲ့ ဒီဇီကိုတို့ပဲ ဖြစ်ပါတယ်။ ဂရာဖီတေးက တစ်ဦးတည်း ၂၈ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဒီဇီကိုကတော့ ၂၆ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဂိုးအများဆုံး

သူတို့နှစ်ဦးစလုံးဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါပွဲစဉ်တစ်လျှောက်လုံးမှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးတွေပဲဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ဂရာဖီတေးဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါရဲ့ ဂိုးအများဆုံး သွင်းယူနိုင်သူဖြစ်ခဲ့ပါတယ်။

ကျေနပ်

ဘွန်ဒက်စ်လီဂါရဲ့ လက်ရှိချန်ပီယံ ဘေယန်မြူးနစ်ကတော့ မေ ၂၄ရက်မှာ ကစားတဲ့ စတုဂတ်နဲ့ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ ဝုဖ်ဘတ်အသင်းရဲ့ နောက်နှစ်မှတ်အကွာနဲ့ ဒုတိယနေရာမှာပဲ ကျေနပ်ခဲ့ရပါတယ်။

ဒါကြောင့် ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ဝုဖ်ဘတ်အသင်းသားတွေ ထူးထူးခြားခြား ဘွန်ဒက်စ်လီဂါဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)

ဒရော့ဘာ၊ ဘော့စင်ဝါနှင့် ချယ်လ်ဆီးအသင်း၏ အပြုအမူ

ယူအီးအက်ဖ်အေက အရေးယူသွားမည်

လန်ဒန် မေ ၂၄

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်ကျော်က ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအပြီးတွင် ရှုံးနိမ့်ခဲ့သော ချယ်လ်ဆီးအသင်း၏ မလျော်ကန်သော အပြုအမူများအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ စွဲဆိုချက်များကို ယူအီးအက်ဖ်အေက အပြီးသတ်ဆုံးဖြတ်ချက်ချတော့မည်ဟု သတင်း၌ ဖော်ပြသည်။

ဘာစီလိုနာအား ရှုံးနိမ့်ကာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ကျောခိုင်းခဲ့ရသောချယ်လ်ဆီးမှ ဒရော့ဘာနှင့်အသင်းသားများ ကွင်းလယ်ဒိုင်လူကြီးအား စောဒက တက်ခဲ့ကြစဉ်။

ဖြေရှင်းချက်ပေး

ချယ်လ်ဆီးအသင်းနှင့် ကစားသမားများဖြစ်ကြသော ဒရော့ဘာ၊ ဘော့စင်ဝါတို့သည် ၎င်းတို့၏ နောက်ဆုံးချန်ပီယံလိဂ် ရှင်သန်ခွင့်ပွဲစဉ်အဖြစ် မေ ၆ရက်က ဘာစီလိုနာအား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်ပြီးနောက် ၎င်းတို့ပြုမူခဲ့သော အပြုအမူများအတွက် ဖြေရှင်းချက် ပေးရမည်ဖြစ်သည်။

ချယ်လ်ဆီး ကစားသမားများ၏ ပယ်နယ်တီ တောင်းဆိုမှုကို နော်ဝေ ကွင်းလယ် ဒိုင်လူကြီး တွမ်ဟင်နင်အိုဗရီဘိုက ပယ်ချခဲ့သည်။ ဒဏ်ရာရ လေလွင့်အချိန်ပိုတွင် ဘာစီလိုနာမှ အင်နီယေစတာ၏ ဂိုးကြောင့် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ကျောခိုင်းခဲ့ရသည့်အတွက် ချယ်လ်ဆီးကစားသမားများ စိတ်ဆိုးဒေါသထွက်ကာ ပေါက်ကွဲခဲ့ကြခြင်း ဖြစ်သည်။

အပြစ်ပေးခံ

ဒရော့ဘာသည် ၎င်း၏ အပြုအမူအတွက် ပွဲစဉ်ငါးပွဲ ပိတ်ပင်ခံရဖွယ်ရှိသည့်အပြင် ကြီးလေးသော ဒဏ်တပ်ခံရဖွယ်ရှိသည်။ ချယ်လ်ဆီးအသင်းသည်လည်း ငွေဒဏ် တပ်ခံရဖွယ်ရှိသည်ဟု ဆိုသည်။ အိုဗရီဘိုအား ပြင်းထန်စွာ ဝေဖန်ခဲ့သူ ဘော့စင်ဝါသည်လည်း ၎င်းစကားအတွက် အပြစ်ပေးခံရဖွယ်ရှိသည်။(အင်တာနက်)

အာဆင်နယ်၌သာ အာရုံစိုက်နေ ဝင်းဂါး ထပ်လောင်းပြောကြား

လန်ဒန် မေ ၂၄

အာဆင်နယ် နည်းပြ အာစင်ဝင်းဂါး(အပေါ်ပုံ)က ၎င်းအား ရီးရဲမက်ဒရစ်က ခေါ်ယူရန် ဆက်သွယ်ခဲ့သည်ဟု ဝန်ခံခဲ့ပြီးနောက် ၎င်းအနေဖြင့် လက်ရှိအသင်းအပေါ်၌သာ အာရုံစိုက်ထားကြောင်း အတည်ပြု ပြောကြားခဲ့သည်။

စပိန်အင်အားကြီး ဘောလုံးအသင်း ရီးရဲမက်ဒရစ်နှင့် အလုပ်လုပ်ရမည့် အရေးမှာ စိတ်ဝင်စားစရာအစီအစဉ်ဖြစ်ကြောင်း ဝင်းဂါးက ပြောကြားပြီးနောက် ယခုနွေရာသီတွင် ၎င်းအနေဖြင့် အာဆင်နယ် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ထင်ကြေးသတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း အာဆင်နယ် အသင်းပေါ်တွင် မိမိ၏ အာရုံစိုက်မှုမှာ သံသယဖြစ်ဖွယ် မရှိကြောင်း၊ အခြေအနေကောင်းနှင့် အခြေအနေဆိုးသည့် အချိန်များအပြင် အဆိုးရွားဆုံး အခြေအနေမှာပင် အသင်းအပေါ်တွင် မိမိအနေဖြင့် အမြဲတမ်းဂရုစိုက်ခဲ့ကြောင်း၊ ဤသည်ကို ပြည်သူများအနေဖြင့် မေးခွန်းထုတ်စရာမလိုကြောင်း အာစင်ဝင်းဂါးက အသင်း၏ ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် - စုစည်းသည်

အလွန်ဆိုအားရောင်းမည်မဟုတ်ကြောင်း

ဘင်နီတက်ဇ် အခိုင်အမာပြောကြား

လန်ဒန် မေ ၂၄

လီဗာပူးအသင်း ကွင်းလယ်ကစားသမား အလွန်ဆိုသည် အသင်းတွင် အရေးပါသော ကစားသမားအဖြစ် ရှိနေဆဲဖြစ်ကြောင်း နည်းပြ ဘင်နီတက်ဇ် **(အောက်ဝဲပုံ)**က ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြင့် အလွန်ဆိုအနေဖြင့် လီဗာပူးမှ ထွက်ခွာတော့မည်ဟူသော ထင်ကြေးသတင်းကို ရပ်တန့်စေခဲ့သည်။

အခိုင်အမာပြောကြား

ယင်းသတင်းများတွင် အလွန်ဆိုအား ဘင်နီတက်ဇ်က ၎င်း၏ အပြောင်းအရွှေ့ရန်ပုံငွေအတွက် ပေါင်သန်း၂၀ဖြင့် ရောင်းချမည်ဟု ထွက်ပေါ်နေခဲ့သည်။ ထို့ကြောင့် ဘင်နီတက်ဇ်က အပတ်စဉ် မီဒီယာရှင်းလင်းပွဲ၌ အလွန်ဆိုသည် လီဗာပူးအသင်းနှင့် လက်ရှိ စာချုပ်သုံးနှစ် ကျန်ရှိနေကြောင်း၊ မိမိတို့အနေဖြင့်လည်း ၎င်းအားရောင်းမည် မဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ (အင်တာနက်)

၂၀၀၈ - ၂၀၀၉ ပရီမီယာလိဂ် ကန့်လန့်ကာအချ

မစ်ဒယ်ဘရော့၊ နယူးကာဆယ်နှင့် ဝက်စ်ဘရွန်းတို့ တန်းဆင်းသွားရ

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည်

လန်ဒန် မေ ၂၄

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ် ဘောလုံးရာသီ နောက်ဆုံးပွဲစဉ် (၃၈)ကို မေ၂၄ရက်ကပွဲစဉ်အားလုံးတစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ဟူးလ်စီးတီးကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက စပါးကို သုံးဂိုး-တစ်ဂိုး၊ အာဆင်နယ်က စတုတ်ကို လေးဂိုး-တစ်ဂိုး၊ ဆန်းဒါးလန်းနှင့် ချယ်လ်ဆီးတို့ ပွဲတွင် ချယ်လ်ဆီးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ ဝက်စ်ဟမ်းနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ တန်းဆင်းခဲ့ရသလို ဗီလာနှင့် နယူးကာဆယ်တို့ပွဲတွင် ဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ နယူးကာဆယ်တို့လည်း တန်းဆင်းခဲ့ရသည်။ တစ်ဖန် ဘလက်ဘန်းနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သဖြင့် ဝက်စ်ဘရွန်းတို့လည်း တန်းဆင်းခဲ့ရပြီဖြစ်သည်။

ဟူးလ်စီးတီးနှင့် မန်ယူ

မန်ယူသည် ဟူးလ်စီးတီးကို ထိုးဖောက် ကစားနိုင်ခဲ့သည်။ လီမာတင်၊ မာချေဒါ၊ နာနီ၊ ဝဲလ်ဘတ်၊ ဂစ်ဆင်နှင့် ရာဖေးလ်စသည့် လူငယ်များဖြင့် ပွဲထုတ်ခဲ့သော်လည်း ၂၈မိနစ်၌ ဂစ်ဆင်က ၂၅ ကိုက်အကွာမှ ကန်သွင်းခဲ့သဖြင့် ဂိုးရရှိခဲ့ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့သည်။

အောင်ပွဲခံ

မန်ယူမှ ဂစ်ဆင် (လယ်) ဂိုးသွင်းပြီး ကစားဖော်များနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ထို့အတူ အာဆင်နယ်နှင့် စတုတ်တို့ပွဲတွင် ဗန်ပါစီက နှစ်ဂိုး၊ ဒီရာဘိုင်က တစ်ဂိုးနှင့် စတုတ်မှ ဘက်တီက ဘောလုံးဖျက်ထုတ်ရင်း ဂိုးဝင်သွားသဖြင့် လေးဂိုးပေးခဲ့ရသည်။ စတုတ်အတွက် ချေပဂိုး တစ်ဂိုးကို ဖူလ်လာက သွင်းယူပေးသည်။

လီဗာပူးနှင့် စပါးတို့ပွဲတွင် လီဗာပူးအတွက် တောရက်စ်နှင့် ဘီနာယောင်တို့ တစ်ဂိုးစီသွင်းယူခဲ့ပြီး စပါးမှ ဟက်တန်က ကိုယ့်ဂိုးကိုယ်သွင်းသလို ဖြစ်ခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။ စပါးအတွက် ချေပဂိုးကို ရော်ဘီကိန်းကသွင်းယူပေးခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် လီဗာပူးတို့ အနိုင်ရရှိခဲ့သည်။

ဆန်းဒါးလန်းနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးအတွက် အက်ရှ်လေကိုး၊ ကာလူးနှင့် အနယ်လ်ကာတို့က တစ်ဂိုးစီ သွင်းယူပြီး ဆန်းဒါးလန်းအတွက် ချေပဂိုးများကို ရစ်ချက်ဆင်နှင့် ဂျုန်းတို့ကသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တန်းဆင်း

ဝက်စ်ဟမ်းနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် တန်းမဆင်းရရေး မစ်ဒယ်ဘရော့တို့ ကြိုးစားသော်လည်း ဝက်စ်ဟမ်းမှ ကာလ်တန်ကိုးနှင့် စတန်လက်စ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး မစ်ဒယ်ဘရော့မှ အိုနေး၏ ချေပဂိုးတစ်ဂိုးသာသွင်းနိုင်ခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ ရှုံးပြီး တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ဗီလာနှင့် နယူးကာဆယ်တို့ပွဲတွင် နယူးကာဆယ်တို့ ခြေစွမ်းမပြနိုင်သည့်အပြင် တိုက်စစ်မှူး ဒပ်ဖ်က ဘောလုံးဖျက်ရင်း ကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိရှုံးကာ နယူးကာဆယ်တို့ တန်းဆင်းခဲ့ရသည်။

တစ်ဖန် ဝက်စ်ဘရွန်းနှင့် ဘလက်ဘန်းတို့ပွဲတွင် ဂိုးမရှိ သရေဖြစ်ခဲ့သဖြင့် ဝက်စ်ဘရွန်းတို့ ၃၂ မှတ်သာရရှိပြီး တန်းဆင်းသွားရခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၈)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၈	၂၈	၆	၄	၉၀
၂	လီဗာပူး	၃၈	၂၅	၁၁	၂	၈၆
၃	ချယ်လ်ဆီး	၃၈	၂၅	၈	၅	၈၃
၄	အာဆင်နယ်	၃၈	၂၀	၁၂	၆	၇၂
၅	အဲဗာတန်	၃၈	၁၇	၁၂	၉	၆၃
၆	ဗီလာ	၃၈	၁၇	၁၁	၁၀	၆၂
၇	ဖူလ်ဟမ်	၃၈	၁၄	၁၁	၁၃	၅၃
၈	စပါး	၃၈	၁၄	၉	၁၅	၅၁
၉	ဝက်စ်ဟမ်း	၃၈	၁၄	၉	၁၅	၅၁
၁၀	မန်စီးတီး	၃၈	၁၅	၅	၁၈	၅၀
၁၁	ဝီဂန်	၃၈	၁၂	၉	၁၇	၄၅
၁၂	စတုတ်	၃၈	၁၂	၉	၁၇	၄၅
၁၃	ဘော်လ်တန်	၃၈	၁၁	၈	၁၉	၄၁
၁၄	ပို့စ်မောက်	၃၈	၁၀	၁၁	၁၇	၄၁
၁၅	ဘလက်ဘန်း	၃၈	၁၀	၁၁	၁၇	၄၁
၁၆	ဆန်းဒါးလန်း	၃၈	၉	၉	၂၀	၃၆
၁၇	ဟူးလ်စီးတီး	၃၈	၈	၁၁	၁၉	၃၅
၁၈	နယူးကာဆယ်	၃၈	၇	၁၃	၁၈	၃၄
၁၉	မစ်ဒယ်ဘရော့	၃၈	၇	၁၁	၂၀	၃၂
၂၀	ဝက်စ်ဘရွန်း	၃၈	၈	၈	၂၂	၃၂

(အင်တာနက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၇/၂၀၀၉)ကို ဇွန် ၈ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇွန် ၅ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်သည်။

(အမျိုးသမီးရေးရာ)

ဥတုရာသီ တောကိုမှီ၏

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့ သာယာလှပရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း (၃)ရပ်ကွက် ကိုင်းတောမလမ်း ပလက်ဖောင်းပြုလုပ်ခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၄)ဦးသန်းဇော် ဆောင်ရွက်ရာသို့ မေ ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ခြေနီနေ့ အခမ်းအနား လှိုင်ကော်၌ ကျင်းပ

လှိုင်ကော် မေ ၂၄

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် မေ ၅ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာလှရွှေ၏ သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့်က ဖတ်ကြားပြီး ကြက်ခြေနီလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုလက်ဆောင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများကို ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သာပေါင်း ဆောင်ဘုံလမ်း ကျောက်ချောလမ်းခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကို လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဌေးလွင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) ကျန်စစ်သားလမ်းနှင့် ပြင်စည်မင်းသားကြီး လမ်းအကြား ဆိပ်ကမ်းသာလမ်း တစ်လျှောက် ကျူးကျော်နေထိုင်သူများ၊ လမ်းဘေး ဈေးဆိုင်များ၊ ဝါးထရံ၊ ဓနိ ရောင်းဝယ်ရေးလုပ်ငန်းများ၊ ကျောက် ရောင်းဝယ်ရေး လုပ်ငန်းများ၊ သံပန်းသံတံခါး၊ ဂဟေဆော်လုပ်ငန်းများ၊ သစ်ထင်းရောင်းဝယ်ရေး လုပ်ငန်းများကြောင့် လမ်းပိတ်ဆို့ပြီး ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အထူးသဖြင့် ကျူးကျော်နေထိုင်သူများက ဓာတ်ငွေ့ပိုက်လိုင်းအနီး သံဂဟေဆော်ခြင်း၊ မီးဖို၍ ချက်ပြုတ် စားသောက်ခြင်းတို့ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဆိုင်ခန်းများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရပ်ကွက်အတွင်း ဝက်မွေးမြူမှု ဖယ်ရှားပေးပါ

စာတည်းရှင့်-

ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် (၁)လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များ စီးပွားဖြစ် အများအပြားမွေးကာ ဝက်များမှ စွန့်ပစ်သောအညစ်အကြေးများ၏ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ အနံ့မခံနိုင်ဘဲ ကျန်းမာရေးထိခိုက်နေရပါ၍ ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဇေယျာသီရိသား

စက်သုံးက ဆူညံ အမှိုက်များက အနံ့ဆိုး

စာတည်းခင်ဗျား-

လက်ပံတန်းမြို့နယ် လုလင်ကျော် ကျေးရွာအုပ်စု မြို့မရပ်ကွက် စည်ပင်သာယာဈေးအနီးရှိ ဟာလာဆန်စက်၏ ဆူညံသံများ၊ စွန့်ပစ်အမှိုက်များမှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လက်ပံတန်းသား

လမ်းပိတ်ဆို့မှု အရေးယူပေးစေချင်

စာတည်းခင်ဗျား-

မန္တလေးမြို့ ၇၈လမ်း၊ ၃၀×၃၁ လမ်းကြား ဘူတာကြီးရှေ့တွင် ပြင်ဦးလွင်-မန္တလေး ပြေးဆွဲလျက်ရှိသော ကားအသင်းများမှ ယာဉ်ငယ်များ၊ ဆိုက်ကားများနှင့် မြို့တွင်းပြေးဆွဲလျက်ရှိသော အငှားကားများသည် မော်တော်ယာဉ်များ ရပ်နားခွင့်မရှိသည့်လမ်းကြောပေါ်တွင် စည်းကမ်းမဲ့ ပိတ်ဆို့ရပ်တန့်ခြင်း၊ ရထားစီးခရီးသည်များအား အလုအယက်ခေါ်ယူခြင်း၊ ၇၈လမ်းပေါ်တွင် ကားများနှစ်စီးမှ သုံးစီးအထိ ထပ်၍ ရပ်တန့်နေခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပြီး မကြာခဏ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လေ့ရှိရာ ယာဉ်များ စနစ်တကျ ရပ်နားနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်ဦး

ချောင်းကူးတံတား ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ရွှေဘိုမြို့ သရက်ခြံရပ်ကွက်ထိပ်ရှိ သက္ကယ်တန်း ချောင်းကူးတံတားကြီးမှာ ဆိုးရွားစွာပေါက်ပြဲပျက်စီးနေ၍ အလွန်အန္တရာယ်များလှပါသည်။ ကျောင်းသား ကျောင်းသူများ ကျောင်းသို့သွားရာလမ်း၊ ရွှေဘို-ကန့်ဘလူ-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ရွှေဘို-ကျောက်မြောင်း-မိုးကုတ်သို့ ခရီးသည်တင်ကားများ သွားရာလမ်းရှိ အဓိကတံတားကြီးဖြစ်ပါ၍ ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

သရက်ခြံသား

ကားဘော်ဒီဆေးမှုတ်လုပ်ငန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် ခေမာသီလမ်း လမ်းထိပ်ရှိ အိမ်တစ်အိမ်တွင် ငှားရမ်းလုပ်ကိုင်နေသော ကားဘော်ဒီဆေးမှုတ်လုပ်ငန်းသည် ကားကြီး၊ ကားငယ်များ ပိတ်ဆို့၍ လုပ်ကိုင်နေသည့်အပြင် နံနက်စောစော မီးညှော်နံ့များ၊ ဆေးမှုတ်နံ့များနှင့် ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါ၍ ၎င်းလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ခေမာသီသား

ဈေးဆိုင်များလမ်းပိတ်ဆို့ရောင်းချနေမှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး၏ ရုံ(ခ) ဈေးရုံအတွင်း ဆိုင်ခန်းအချို့သည် ဈေးအတွင်း လူသွားလမ်းပေါ် ကျူးကျော်ကာ ဆိုင်ခန်းရောင်းချနေလျက်ရှိရာ ဈေးဝယ်သူများအနေဖြင့် သွားလာရန် အခက်အခဲ ဖြစ်နေရပါသည်။ သို့ပါ၍ ရုံ(ခ) ဈေးရုံကြီးအတွင်း လမ်းပိတ်ဆို့အောင် ကျူးကျော်ရောင်းချနေသော ဆိုင်ခန်းများကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းရှင်းလင်းစေလိုသူ

ကျူးကျော်ဆိုင်ခန်းများကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင့်-

လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ တိုက် ၂၉/၃၀ ရှေ့ရှိ ကားပါကင်ဟု သတ်မှတ်ထားသော နေရာတွင် ကျူးကျော်တဲများ အခိုင်အမာဆောက်၍ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ ကာရာအိုကေဆိုင်နှင့် တယ်လီဖုန်း အငှားဆိုင်များ ဖွင့်လှစ်ထားပါသည်။

ဖော်ပြပါ ကျူးကျော်ဆိုင်ခန်းများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် ကာရာအိုကေဆိုင်မှ သီချင်းဆိုသံများကြောင့် ရပ်ကွက်အတွင်း နေထိုင်ကြသူများ အနှောင့်အယှက် ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဆိုင်များကို သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

ဆူညံသံများမခံနိုင်သူ

တရားမဝင်ပိတ်ဆို့ထားသော လမ်းများ အရေးယူဆောင်ရွက်

၂-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် **တောင်သာမြို့နယ် အမှတ်(၆) မင်းစုရပ်ကွက် မင်းစု(အလက)နှင့် မြို့နယ် ပြည်သူ့ဆေးရုံ အနောက်ဘက်ရှိ တရားမဝင် ပိတ်ဆို့ထားသောလမ်းများ ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ပလက်ဖောင်းဈေးသည်များ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီး

၁၉-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် **တောင်ကြီးမြို့ တပင်ရွှေထီးလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ပလက်ဖောင်းပေါ်ရှိ ဈေးဆိုင်များ၊ ထီးများနှင့် ကတ်များအပြည့်ခင်းပြီး ညအိပ်ရောင်းသော လမ်းဘေးဈေးသည်များအား ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ရေတိုင်း ပြန်/ဆက်ဦးစီးမှူး စာကြည့်တိုက် အမှုဆောင်များတွေ့ဆုံ အလှူငွေနှင့် စာအုပ်လှူဒါန်းပွဲ လေးမျက်နှာမြို့၌ကျင်းပ

လေးမျက်နှာ မေ ၁၇

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်းသည် မေ ၁၄ရက်က ဟင်္သာတခရိုင်ဦးစီးမှူး ဦးမြင့်သိန်းနှင့်အတူ လေးမျက်နှာမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု ခုံကြီးကျေးရွာ ပရဟိတစာကြည့်တိုက်တွင် စာကြည့်တိုက်အမှုဆောင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းနှင့် လေးမျက်နှာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းသော စာအုပ်မျိုးစုံကို စာကြည့်တိုက်မှူး ဦးမြင့်ဝင်းက လက်ခံယူပြီး လေးမျက်နှာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇောလှ-ဒေါ်ခင်ခင်စံတို့က ဦးကျော်ဇောလှ နှစ်(၅၀)ပြည့် မွေးနေ့အတွက်ပရဟိတစာကြည့်တိုက်သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဒေါင့်ကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းဌေးက လက်ခံယူသည်။

ဆက်လက်ပြီး တိုင်းဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာငှားကတ်စနစ် ကျင့်သုံးအကောင်အထည်ဖော်ရေးများ ဆွေးနွေးမှာကြားပြီး လေးမျက်နှာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက စာကြည့်တိုက်များ၏ အရေးပါမှု၊ စာအုပ်စာပေမှ ကောင်းသောအသိ၊ ကောင်းသော ပညာပေးမှုနှင့် စာများများဖတ်အောင် လေ့ကျင့်ရင်းဖြင့် ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြောင်း သိရသည်။ (၀၇၇)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘုရားလမ်းနှင့် (၇)လမ်းထောင့် ခုံးပေါက် ပြုပြင် ဆောင်ရွက်ခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်စန္ဒာအေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဌေးနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ စဉ့်ကူး၌ကျင်းပ

စဉ့်ကူး မေ ၂၀

စဉ့်ကူးမြို့နယ် ဒေသအရန်မီးသတ်တပ်ဖွဲ့မှ (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၁၀နာရီက အဆိုပါ မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ အတွင်းရေးမှူးဦးသန့်နွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဒေသအရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး မောင်ကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားပြီး ဆက်လက်၍ မြို့နယ်ဒေသ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး မောင်ကြီးက မီးသတ်တပ်ဖွဲ့လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးဘေးလုံခြုံမှုကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသော ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ခင်း

မေ ၁ရက်က ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် စက်မှုလယ်ယာ ကျောက်ခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၅၃၀၊ အကျယ် ၁၂ပေကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးမြင့်ခိုင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်းပွဲ တမူး၌ကျင်းပ

တမူး မေ ၁၇

အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို တမူးမြို့နယ် မီးသတ်ဦးစီးဌာနရုံးရှေ့ကွင်းပြင်၌ မေ ၁၄ရက် နံနက် ၇နာရီက ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် တမူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြတ်မိုးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် စစ်ရေးပြပထမဆုရ အရန်မီးသတ် သင်တန်းသား ဒုတပ်ကြပ်ဇော်နိုင်လင်းအား ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးကလည်းကောင်း၊ စစ်ရေးပြ ဒုတိယဆုရ အရန်မီးသတ်သင်တန်းသား သန်းဝင်းအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြည်ခိုင်ကလည်းကောင်း၊ စစ်ရေးပြ တတိယဆုရ အရန်မီးသတ်သင်တန်းသား ကျော်သူအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြတ်မိုးကလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူသည်။

သရုပ်ပြ

ဆက်လက်၍ သင်တန်းသားများက အခြေခံလက်နက်မဲ့စစ်ရေးပြ သရုပ်ပြသကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုကို မေ ၁၃ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မေ ၁၂ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာစေတနာ (အခမဲ့)ဆေးကုခန်းအတွက် စင်ကာပူနိုင်ငံရောက် ပေါင်းတည် မြို့သူမြို့သား ၄၂ဦး၊ ပြည်ပရောက် ပေါင်းတည် မြို့သူမြို့သား သုံးဦး၊ ရပ်ဝေးရောက် မြို့သူမြို့သား ကိုးဦးတို့၏ စုပေါင်းငွေကျပ် ၁၉၃၆၅၀၀ အား ပေးပို့လှူဒါန်းရာ အလှူရှင်များကိုယ်စား လှူဒါန်းငွေကို ဒေသခံ အထပြ(ငြိမ်း) ကျောင်းဆရာမများလာရောက် လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ စေတနာ(အခမဲ့) ဆေးကုခန်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (၀၆၁)

မြို့နယ်သတင်းများ

ပညာအားမာန် စာကြည့်တိုက်ဖွင့်ပွဲ ပေါင်မြို့နယ် ကုလားချောင်ကျေးရွာ၌ကျင်းပ

ပေါင် မေ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု ကုလားချောင်ကျေးရွာ ပညာအားမာန် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ၂ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမြ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမြင့်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆောင်ရွက်

အဆိုပါ စာကြည့်တိုက်မှာ ၂၈ပေ ပတ်လည်ပေါ်တွင် အလျား၁၈ပေ×အနံ ၁၄ပေ၊အမြင့် ၁၀ပေ၊ သွပ်မိုး၊ အုတ်ကာနှင့် အင်္ဂတေခင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၃၁ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပွင့်ဖြူ၌ လယ်ယာစီမံကိန်း တာဝန်ပေးအပ်

ပွင့်ဖြူ မေ ၁၆

ပွင့်ဖြူမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် လယ်ယာကဏ္ဍ စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ၁၃ရက် နံနက်၁၁နာရီက ပွင့်ဖြူမြို့ ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဌေးက အမှာစကား ပြောကြားသည်။

ထို့နောက် ပွင့်ဖြူမြို့နယ်အတွင်း လယ်ယာကဏ္ဍ စီမံကိန်းရည်မှန်းချက်များအား အပြည့်အဝ စိုက်ပျိုးနိုင်ရေး အတွက် ကျေးရွာအုပ်စုအလိုက် စီမံကိန်း တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဌေးက တောင်မုန်းကျေးရွာ ဥက္ကဋ္ဌများကိုယ်စား ဦးသန်းကိုအားလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကံစိန်က မြောက်မုန်းကျေးရွာ ဥက္ကဋ္ဌများကိုယ်စား ဦးစိန်ဘထွေးအား လည်းကောင်း ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဧပြီ ၂၁ရက်က ရှာကြီးကျေးရွာအုပ်စု ပျားစခန်းရွာတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး စောတီမသောက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

အာဆီယံအဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းမရှိသော၊ အကြောင်းအရာအားဖြင့် မှန်ကန်ခြင်းမရှိသော၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူထားသည့်

ထိုင်းနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံက ကန့်ကွက်

နေပြည်တော် မေ ၂၄

အာဆီယံအဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူနေရသော ထိုင်းနိုင်ငံသည် ၂၀၀၉ခုနှစ် မေ ၁၈ရက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံက ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင်-

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူတို့၏ အကျိုးအတွက် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ နေအိမ်တွင် တားဆီးမိန့်ထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားခဲ့ရပါသည်။

၂။ ထိုသို့ ကန့်သတ်တားဆီးထားစဉ်ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၉ခုနှစ် မေလတွင် သူမ၏နေအိမ်သို့ တရားမဝင် ဝင်ရောက်လာသော အမေရိကန်နိုင်ငံသား **Mr. John William Yettaw** အား နှစ်ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက် ကျွေးမွေးခြင်း စသည့် ကူညီဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည့်အတွက် ဥပဒေနှင့်အညီ မလွှဲမရှောင်သာ အမှုဖွင့် တရားစွဲဆိုခဲ့ရပါသည်။

၃။ ဤသို့ အရေးယူထားရခြင်းကို အကြောင်းပြု၍ အာဆီယံအဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူနေရသော ထိုင်းနိုင်ငံက ၁၈-၅-၂၀၀၉ရက်နေ့တွင် ဥက္ကဋ္ဌ၏ ကြေညာချက်ဆိုသည်ကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ အရေးယူရခြင်းမှာ နိုင်ငံတိုင်းတွင် သမားရိုးကျ ဆောင်ရွက်လေ့ရှိကြသည့် ပြည်တွင်းဥပဒေ ကျင့်သုံးမှုတစ်ခုသာဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး သက်သက်သာ ဖြစ်ပါသည်။ သို့ပါ၍ ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌ အနေဖြင့် ကြေညာချက်သည် အာဆီယံ ပဋိညာဉ်စာချုပ်ပါ စည်းမျဉ်းများကို သွေဖည်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရာရောက်ပါသည်။

၅။ အာဆီယံအဖွဲ့အနေဖြင့် ဥက္ကဋ္ဌ၏ ကြေညာချက်အပါအဝင် ကြေညာချက်များ ထုတ်ပြန်မည်ဆိုပါက အဆင့်မြင့်အရာရှိကြီးများအဆင့်တွင် မူကြမ်းကို ညှိနှိုင်းရေးသားပြီး နိုင်ငံခြားရေးဝန်ကြီးများ အဆင့်သို့ တင်ပြလျက် တူညီဆန္ဒရရှိမှသာ ထုတ်ပြန်နိုင်ပါသည်။ ယခု ထိုင်းနိုင်ငံ၏ ကြေညာချက်သည် အာဆီယံအဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးနှင့် တိုက်ဆိုင်နေသော်လည်း ဆွေးနွေးပြင်ဆင်ခွင့် မပေးသည့်အပြင် နိုင်ငံခြားရေးဝန်ကြီးများထံသို့လည်း ထုတ်ပြန်ကြေညာပြီးမှ နောက်ကျအသိပေးမှုမျိုး ပြုလုပ်ခြင်းဖြင့် အာဆီယံအဖွဲ့၏ လုပ်ထုံးလုပ်နည်းကို သွေဖည်ကာ ၎င်း၏ သဘောဆန္ဒတစ်ခုတည်းအရ သဘောရိုးမဟုတ်ဘဲ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် အာဆီယံအဖွဲ့အတွင်း မကောင်းသော အစဉ်အလာတစ်ရပ်ကို ဖြစ်ပေါ်ရာ ရောက်စေပါသည်။ ထို့ပြင် ၎င်း၏ ကြေညာချက်တွင် ပါရှိသည့် “ဒေါ်အောင်ဆန်းစုကြည်အား အရေးယူခြင်းအတွက် သူမ၏ ကျန်းမာရေး စိုးရိမ်မိကြောင်း”ဟု ဖော်ပြထားချက်မှာလည်း မှန်ကန်မှုမရှိဘဲ ဒေါ်အောင်ဆန်းစုကြည်မှာ ကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်ရရှိပြီး ကျန်းမာလျက်ရှိနေပါသည်။ သို့ပါ၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံအဖွဲ့၏ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ ထိုင်းနိုင်ငံ၏ ဂုဏ်သိက္ခာတို့ကို စောင့်ထိန်းနိုင်ရန် ပျက်ကွက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

၆။ မည်သို့ပင်ဖြစ်စေ အာဆီယံအဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့်လည်း ညီညွတ်ခြင်းမရှိသော၊ အကြောင်းအရာအားဖြင့် မှန်ကန်ခြင်း မရှိသော၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သော အလှည့်ကျ တာဝန်ယူထားသော အာဆီယံဥက္ကဋ္ဌအနေဖြင့် ထုတ်ပြန်သည့်ကြေညာချက်ကို မြန်မာနိုင်ငံက အလေးအနက်ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဆိုင်ကလုန်းမုန်တိုင်း

ဦးတည်ရွေ့လျားမှု မရှိဟု သတ်မှတ်ထား

ရန်ကုန် မေ ၂၄

မေ ၂၄ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲ ထုတ်ပြန်ချက်

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်ဘက် မိုင်၂၆၀၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက် အနောက်တောင်ဘက် မိုင်၃၁၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဦးတည်ရွေ့လျားပြီး နောက် ၃၆နာရီအတွင်း အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းကမ်းခြေဒေသကို ဖြတ်ကျော်ဝင်ရောက်သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်း၏ အန္တရာယ်ကျရောက်နိုင်မှုအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားမှု မရှိဟု သတ်မှတ်ထားသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၃၆နာရီအတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ မုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်းကမ်းခြေတစ်လျှောက်တွင် မုန်တိုင်းဒီရေလှိုင်းသည် ပုံမှန်ဒီရေလှိုင်းအထက် နှစ်ပေမှ သုံးပေခန့်အထိ ပိုမိုမြင့်တက်လာနိုင်သည်။

သို့ပါ၍ စစ်တွေ၊ မောင်တောကမ်းရိုးတန်း ပင်လယ်ပြင်ဒေသအတွင်း ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ၊ စက်လှေများ၊ ခရီးသွားရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယနေ့ညနေမှ နောက် ၃၆နာရီအတွင်း အဆိုပါဒေသ ပင်လယ်ပြင်မှ ဘေးလွတ်ကင်းရာသို့ ကြိုတင်ရှောင်ရှားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆွေးနွေး ခေတ်မီစိုက်ပျိုးမှုများကြောင့် အထွက်နှုန်းတိုးလာမည်

လားရှိုးမြို့အနီး စိန်ဝတ်မှုန်ကုမ္ပဏီ၏ လက်ဖက်စိုက်ခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

လားရှိုး မေ ၂၄ (ဖက်စ်)

မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် လက်ဖက်အများဆုံးစိုက်ပျိုး ထုတ်လုပ်ရာ ဒေသဖြစ်သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)သည်လည်း ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

25-5 (20).pmd 1 5/25/2009, 3:22 AM